# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**


၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက် တနင်္ဂနွေနေ့။ Sunday, 3 May 2026 ၁၂၁၆၇


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လှိုင်သာယာမြို့နယ်အပါအဝင် ရန်ကုန်မြို့အတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုအား လှည့်လည်ကြည့်ရှုစစ်ဆေး

## ရန်ကုန်မြို့အတွင်း ယာဉ်သွားလာမှုများ ပိုမိုလွယ်ကူလျင်မြန်စွာဖြင့် သွားလာနိုင်ရေး လမ်းများတိုးချဲ့အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား စနစ်တကျဖြင့် တွက်ချက်ဆောင်ရွက်

နေပြည်တော် မေ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဦးထိန်လင်းနှင့် ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန် ဦးမျိုးမြင့်အောင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ်အပါအဝင် ရန်ကုန်မြို့အတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✧




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်မြို့အတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**ယနေ့ ဖတ်စရာ**


**ဥပဒေပြုမဏ္ဍိုင်အနေဖြင့် ဥပဒေ၏ အကာအကွယ်အောက်တွင် နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများကို အေးအေးချမ်းချမ်းနေနိုင်ရန် အတွက် ဆောင်ရွက်ပေးနိုင်အောင် ကြိုးစားသွားရမည်** စာမျက်နှာ » ၄

**နိုင်ငံတော်သစ္စာ၏ ဗလငါးတန်ပြည့်ဝ လူရည်ချွန်များ** ဆောင်းပါး စာမျက်နှာ » ၆

**ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပပြီးမြောက်** စာမျက်နှာ » ၅

**သီးနှံများတွင် ဓာတ်မြေဩဇာအသုံးပြုမှု အစားထိုးနည်းပညာများ (အပိုင်း - ၃)** ဆောင်းပါး စာမျက်နှာ » ၁၀

**ယာယီနေရပ်စွန့်ခွာပြည်သူများနှင့် အခြေခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိ** စာမျက်နှာ » ၁၂

**၂၀၂၆ ခုနှစ် မိုးရာသီကာလအတွက် ယေဘုယျခန့်မှန်းချက်** စာမျက်နှာ » ၁၉

# မိုးကြိုကာလရာသီဥတုပြောင်းလဲမှု ကြိုတင်ကာကွယ်သတိပြုဆင်ခြင်

အနောက်တောင်မုတ်သုံလေသည် မေလ ၁၃ ရက်နေ့မှ ၁၈ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့လည်းကောင်း၊ မေလ ၁၉ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့လည်းကောင်း၊ မေလ ၂၅ ရက်နေ့မှ ၃၀ ရက်နေ့အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့လည်းကောင်း၊ မေလ ၃၁ ရက်နေ့မှ ဇွန်လ ၅ ရက်နေ့အတွင်း မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများသို့လည်းကောင်း အသီးသီး ဝင်ရောက်နိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံအရပ်ရပ်တွင် မိုးကြိုကာလဖြစ်သည့် ယခုမေလမှစတင်၍ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလများအတွင်း လေထုမငြိမ်သက်မှုများကြောင့်လည်းကောင်း၊ နေ့အပူအချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်မိုးတိမ်များ ဖြစ်ထွန်းလာသဖြင့် နေ့စဉ်မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းခြင်းတို့ကြောင့်လည်းကောင်း လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းများနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လေဆင်နှာမောင်းတိုက်ခတ်ခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လာနိုင်ပြီး လေပြင်းများတိုက်ခတ်စဉ် မြေပြင်ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်ဟု အသိပေးထားသည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းကလည်း အပူချိန်မြင့်မားလာမှုနှင့်အတူ အပူပြန်တိမ်တိုက်များ ဖြစ်ထွန်းမှုကြောင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသအချို့တွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ ရုတ်တရက်ထူးကဲစွာဖြစ်ပေါ်ခဲ့သောကြောင့် ရေကြီးရေလျှံမှုများနှင့်လေပြင်းတိုက်ခတ်သည့် အန္တရာယ်များကို ကြုံတွေ့ခဲ့ရာ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။ မြန်မာပြည်အောက်ပိုင်းဒေသအချို့တွင် နေရာကွက်ကျား မိုးရွာသွန်းမှုအခြေအနေများနှင့် မကြုံတွေ့ခဲ့ရသော်လည်း လေပြင်းတိုက်ခတ်မှုအန္တရာယ်များကို ကြုံတွေ့ခဲ့ရသည်။ မုတ်သုံမဝင်မီ ယခုကာလများ၌ မိုးလေဝသဌာနက ကြိုတင်သတိပေးထားသည့်အတိုင်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြုံတွေ့နေရပြီး အပူချိန်မြင့်မားမှုမှာ သိသိသာသာဖြစ်ပေါ်လျက်ရှိသည်။

နွေအကုန်မိုးအကူး ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကာလတွင် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ခန့်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိလာနိုင်ကြောင်း အသိပေးထားသည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်ရှိနေနိုင်သည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။ မြန်မာပြည်အောက်ပိုင်း၊ အလယ်ပိုင်းနှင့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မေလဒုတိယပတ်တွင် မိုးထစ်ချုန်းရွာနိုင်သည်။

မိုးဦးကာလသည် မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်သည့်ကာလမှ ဇွန်လကုန်အထိဖြစ်သည်။ မိုးနှောင်းကာလသည် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာသွားချိန်ဖြစ်သည်။ မိုးဦးကာလနှင့်မိုးနှောင်းကာလတို့တွင် ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းများ ဖြစ်လေ့ဖြစ်စဉ် ဖြစ်ပေါ်လာမည်ဖြစ်ပြီး အချို့လေဖိအားနည်းရပ်ဝန်းများသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်များဖြစ်ပေါ်လာနိုင်သည်။ လက်ရှိကာလတွင် အပူချိန်မြင့်တက်မှုကို နိုင်ငံတစ်ဝန်း၌ ခံစားနေကြရပြီး မြန်မာပြည်အောက်ပိုင်းနှင့် အလယ်ပိုင်းဒေသအချို့တွင် မေလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်နှင့်အထက် ပိုနိုင်သော်လည်း ပြီးခဲ့သည့် ဧပြီလအတွင်းက ပူပြင်းခဲ့သည့် စံချိန်တင်အပူချိန်ထက် သိသိသာသာ လျော့ကျလာသည်ကို ခံစားကြရမည်ဖြစ်သည်။

ယခု ၂၀၂၆ ခုနှစ်အနေဖြင့် အပူချိန်စံချိန်တင်မြင့်မားခဲ့သဖြင့် အပူဒဏ်ကြောင့် ကျန်းမာရေးအတွက် ထိခိုက်မှုအခြေအနေများရှိခဲ့သော်လည်း အလွန်ပူပြင်းသည့် နွေရာသီကာလများတွင် မီးလောင်ကျွမ်းမှုမှာ ယခင်နှစ်များထက် လျော့နည်းခဲ့သည်ကိုတွေ့ရသည်။ ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် အနောက်တောင်မုတ်သုံလေနှင့်အတူ မိုးရွာသွန်းမှုကို မျှော်လင့်ကြသော်လည်း မိုးဦးကာလနှင့် မိုးနှောင်းကာလတို့တွင် ဖြစ်ပေါ်တတ်သည့် မုန်တိုင်းတိုက်ခတ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းနှင့် လေဆင်နှာမောင်းတိုက်ခတ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ပြင်ဆင် သတိပြုဆင်ခြင် နေထိုင်ပြုမူလုပ်ကိုင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

## ပြင်စလူမြို့၌ မင်္ဂလာသိဒ္ဓိ ကိုးနဝင်းစေတီတော် ထီးတော်တင်လှူပူဇော်

ပြင်စလူ မေ ၂

ဧရာဝတီတိုင်းဒေသကြီး ပြင်စလူမြို့တွင် မင်္ဂလာသိဒ္ဓိ ကိုးနဝင်းစေတီတော်အား အသစ်ပြန်လည်တည်ထားခြင်းနှင့် ထီးတော်သစ်တင်လှူပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါစေတီတော်ရင်ပြင်၌ ပြုလုပ်သည်။

**စုပေါင်းထည့်ဝင်**

အဆိုပါစေတီတော်မှာ နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက် ပြင်စလူမြို့ဟောင်းတွင် ကျန်ရှိနေခဲ့သော အရံစေတီကိုငုံ၍ အသစ်တစ်ဖန် ပြန်လည်ပြင်ဆင်မွမ်းမံနိုင်ရန်အတွက် မင်္ဂလာသိဒ္ဓိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာနန္ဒာထံမှ ဩဝါဒခံယူခြင်း၊ ပြင်စလူမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်မြတ်၊ မြို့စခန်းမှူး ရဲအုပ်နိုင်လင်း၊ ဒေါ်ဝင်းဝင်းမော်(ရန်ကုန်)တို့၏ ဦးဆောင်မှုနှင့် ဒေသခံမိဘပြည်သူများ၏ စုပေါင်းထည့်ဝင်လှူဒါန်းမှုတို့ဖြင့် ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် အလှူရှင်မိသားစုဝင်များနှင့် ဒေသခံ



ပြည်သူများက ရွှေထီးတော်မြတ်အား စေတီတော်အထွတ်သို့ တင်လှူပူဇော်ခဲ့ကြပြီး သံဃာတော် အရှင်သူမြတ်များက စေတီတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ခဲ့ကြကြောင်း သိရသည်။

ပြင်စလူ(ပြန်/ဆက်)

## မိုးကြိုကာလအတွင်း ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်

**နေပြည်တော် မေ ၂**

မြန်မာနိုင်ငံအရပ်ရပ်တွင် မိုးကြိုကာလဖြစ်သည့် မေလမှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း လေထုမငြိမ်မသက်မှုများကြောင့်လည်းကောင်း၊ နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းခြင်းကြောင့် လည်းကောင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိုးကြိုကာလဖြစ်သည့် မေလမှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## သရက်ချောင်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း သင်တန်းဖွင့်

သရက်ချောင်း မေ ၂

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ရက်(၁၀၀)စီမံချက်ဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း (GAP) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ သရက်ချောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မင်းနှင့် မြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကောင်းမြတ်ထက်တို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သရက်ချောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းနှင့် တာဝန်ရှိသူများက သင်တန်းဖွင့်လှစ်ရာတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများကို သင်တန်းသား သင်တန်းသူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုးပိုင်(ပြန်/ဆက်)

## ၂-၅-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက လှိုင်သာယာမြို့နယ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

✧ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် ဘုရင့်နောင်ပန်းခြံသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်ခန်းမတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း နိုင်ငံတော်အကြီးအကဲ လှိုင်သာယာမြို့နယ်သို့ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အနော်ရထာစက်မှုဇုန်အတွင်း ဧရာဝတီလမ်းတစ်လျှောက် ဆက်သွယ်ရေးကြိုးများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ထားရှိမှု၊ ရန်ကုန်-ပုသိမ် လမ်းမကြီး ဝဲ/ယာတစ်လျှောက် ရေစီးရေလာ ကောင်းမွန်စေရေး ကွင်းဆင်းစစ်ဆေး တိုင်းတာမှုများ ပြုလုပ်ပြီး ဇလားပုံရေမြောင်းများ ဖောက်လုပ်လျက်ရှိမှု အခြေအနေများ၊ လှိုင်သာယာမြို့နယ် ရွှေပြည်သာတံတားလမ်း ရေစီး ရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုနှင့် လှိုင်မြစ်ထွက်ပေါက်ရေတံခါးများ ဆောက်လုပ်ထားရှိမှု၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ညောင်တုန်းလမ်းတစ်လျှောက် ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု၊ လမ်းမကြီးများတိုးချဲ့ရာတွင် ရွှေ့ပြောင်းရန် လိုအပ်သည့် လျှပ်စစ်မီးတိုင်များနှင့် ဆက်သွယ်ရေးတိုင်များကို ရွှေ့ပြောင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ လမ်းဘေးဝဲ/ယာများ တစ်လျှောက် သန့်ရှင်းသာယာ လှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မြို့ပြအင်္ဂါရပ်များနှင့်အညီ ဖြစ်စေရေး အတွက် လမ်းများတိုးချဲ့ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေ များ၊ RC Box Culvert များ တည်ဆောက်ထားရှိမှု၊ တံတား များ တိုးချဲ့တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**အန္တရာယ်ကင်းရှင်းမှုရှိစေရေး ဆက်လက်ဆောင်ရွက်**

တင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ရန်ကုန်မြို့ အတွင်း လျှပ်စစ်ကြိုးများနှင့် ဆက်သွယ်ရေးကြိုးများ စနစ် တကျဖြစ်စေရေးနှင့် အန္တရာယ် ကင်းရှင်းမှုရှိစေရေး ဆက်လက် ဆောင်ရွက်သွားရန် လိုကြောင်း၊ လမ်းမကြီးများ တစ်လျှောက် ရေစီးရေလာ ကောင်းမွန်ရေး အတွက် စနစ်တကျတွက်ချက်ပြီး ဆောင်ရွက်သွားရန် လိုသကဲ့သို့ ရပ်ကွက်များ အတွင်း၌လည်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ ရေမြောင်းများ ဖောက်လုပ်ရာ တွင်လည်း ရေစီးဆင်းမှုများ အဆင်ပြေစေရန်အတွက် စနစ် တကျဆောက်လုပ်ရန်လိုကြောင်း၊ ရေစီးရေလာများကောင်းမွန်မှသာ အနံ့အသက်ဆိုးများ ထွက်ရှိမှု လျော့နည်းသွားမည် ဖြစ်ပြီး ကျန်းမာရေးနှင့် ကိုက်ညီကာ သန့်ရှင်းသာယာသည့် ပတ်ဝန်း ကျင်ကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်သဖြင့် မိုးရာသီသို့ မရောက်ရှိမီ အချိန်မီ ပြင်ဆင်ဆောင်ရွက်သွား ရန်လိုကြောင်း၊ ရန်ကုန်မြို့အတွင်း ရေမြောင်းများ ပိတ်ဆို့မှုမရှိစေရေး အတွက် ရေဆိုးထုတ်စနစ်များ ကောင်းမွန်အောင် စနစ်တကျ တွက်ချက် ဆောင်ရွက်သွားရန် လိုကြောင်း၊ ရေနုတ်မြောင်းများ ပိတ်ဆို့မှု မရှိစေရေးအတွက် အမှိုက်စွန့်ပစ်သည့် စနစ်များကို စနစ်တကျဖြစ် အဆက်မပြတ် ဆောင်ရွက်သွားရန် လိုကြောင်း၊ ဆောက်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့ပြဖွံ့ဖြိုး သာယာလှပရေးအတွက်ပါ စနစ် တကျ တွက်ချက်ဆောက်လုပ် သွားရန်လိုကြောင်း၊ လမ်းများ တိုးချဲ့ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် လူသွားလမ်း ပလက်ဖောင်းများ စနစ်တကျ ထည့်သွင်းတည် ဆောက်သွားရန်နှင့် ရေနုတ် မြောင်းများကိုလည်း စနစ်တကျ ထည့်သွင်းဖောက်လုပ်သွားရန် လို ကြောင်း၊ ရန်ကုန်မြို့အတွင်း ယာဉ်သွားလာမှုများ ပိုမိုလွယ်ကူ လျင်မြန်စွာဖြင့် သွားလာနိုင် ရေး လမ်းများတိုးချဲ့အဆင့် မြှင့်တင်ခြင်း လုပ်ငန်းများအား စနစ်တကျဖြင့် တွက်ချက် ဆောင်ရွက်သွားရန်နှင့် ယာဉ်များ စနစ်တကျ သွားလာနိုင်ရေး လမ်းညွှန်အမှတ်အသားများအား သတ်မှတ်ချက်များနှင့် အညီ ထည့်သွင်းတည်ဆောက်သွားရန် လိုကြောင်း။

**လိုအပ်သည်များမှာကြား**

လှိုင်သာယာမြို့နယ် သန့်ရှင်း သာယာလှပရေး၊ရေစီးရေလာများ ကောင်းမွန်ရေးနှင့် မြို့ပြဖွံ့ဖြိုး တိုးတက်ရေးအတွက် မိမိတို့ အနေဖြင့် ဆောင်ရွက်ခဲ့ရာ ယခု အခါ အတိုင်းအတာတစ်ခုအထိ တိုးတက်ကောင်းမွန်လာပြီ ဖြစ် ကြောင်း၊ လှိုင်သာယာမြို့နယ်၏ မြို့ပြစနစ်အား စနစ်တကျ ဖြစ်စေရေး Town Plan ကို စနစ် တကျ တွက်ချက်ရေးဆွဲ ဆောင် ရွက်သွားရန်လိုကြောင်း၊ မြို့ပြများ အသစ်တည်ဆောက်ရာ၌ Town Plan ရေးဆွဲရာတွင် လယ်ယာမြေ များ ဆုံးရှုံးမှုမရှိစေရေး ဆောင် ရွက်ရန်လိုကြောင်း၊ ရန်ကုန်မြို့ အတွင်း ရေစီးရေလာကောင်းမွန် စေရေး သက်ဆိုင်ရာအင်ဂျင်နီယာ ဌာနများမှ တာဝန်ရှိသူများ အနေဖြင့် ကွင်းဆင်းသုတေသနပြု ၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ကုန်မြို့အတွင်း ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်း များ လိုက်နာမှုရှိစေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင် ရွက်ခြင်းနှင့် သတ်မှတ်ထားသည့် စည်းကမ်းများအား လိုက်နာမှု ရှိစေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက် သွားရန် လိုကြောင်း၊ ရန်ကုန်မြို့ အတွင်း သန့်ရှင်းသာယာလှပရေး အတွက် တာဝန်ရှိသူများအနေ ဖြင့် ဘက်ပေါင်းစုံမှ စဉ်းစားဆောင် ရွက်သွားရန်လိုကြောင်း၊ မြို့ပြ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျ တွက်ချက်ဆောင်ရွက် သွားကြရန်လိုပြီး အများပြည်သူ များ အပန်းဖြေသည့်ပန်းခြံများ၊ ဥယျာဉ်များနှင့် အားကစားကွင်း များ တည်ဆောက်ရာတွင် မြို့ပြ တွင် နေထိုင်သည့်လူဦးရေ အပေါ်တွင် မူတည်တွက်ချက်၍ တည်ဆောက်သွားရန် လိုကြောင်း နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာ မြို့နယ်အတွင်း သန့်ရှင်းသာယာ လှပရေးနှင့် ရေစီးရေလာကောင်း မွန်စေရေး ဆောင်ရွက်ထားမှုများ ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရန်ကုန်-ပုသိမ် လမ်းမကြီးဘေးရှိ ရေနုတ်မြောင်းနှင့် ပလက်ဖောင်း အကြား၌ အရိပ်ရပင်များ စိုက်ပျိုး သွားရန်၊ ရေစီးရေလာကောင်းမွန် စေရေး စဉ်ဆက်မပြတ် ပြုပြင် ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော် သမ္မတနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် ဗိုလ်အောင် ကျော်လမ်း၊ ညောင်တုန်းလမ်း၊ တပင်ရွှေထီးလမ်း၊ ကနောင် မင်းသားကြီးလမ်း၊ ခရေပင် လမ်းတစ်လျှောက် လမ်းအဆင့် မြှင့်တင်ခြင်းနှင့် လမ်းအင်္ဂါရပ်နှင့် အညီ ဖြစ်စေရေးဆောင်ရွက်ထား ရှိမှု၊ ရွှေပြည်သာမြို့နယ် အမှတ် (၄)လမ်းတစ်လျှောက် ရေနုတ် မြောင်းများ အဆင့်မြှင့်တင် ဆောင် ရွက်လျက်ရှိမှု၊ လမ်းနှင့်မလွတ် ကင်းသည့် ခတ်အားတိုင်များ အား ရွှေ့ပြောင်းဆောင်ရွက်ထား ရှိမှုနှင့် လမ်းများအဆင့်မြှင့်တင် တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင် ရွက်ထားရှိမှု၊ မင်္ဂလာဒုံမြို့နယ် လော်ကားလမ်း၊ ပြည်လမ်း၊ နွယ်ခွေလမ်းမှတစ်ဆင့် အမှတ်(၃) လမ်းမကြီး၊ မြောက်ဥက္ကလာပ မြို့နယ် သုဓမ္မာလမ်းတစ်လျှောက် လမ်းနယ်အတွင်း ကျူးကျော် ရောက်ရှိနေသည့် အခိုင်အမာ အဖီအဆွယ်ဈေးဆိုင်ခန်းများအား စနစ်တကျဖြစ်စေရေးနှင့် လမ်း နယ်နိမိတ်ပြင်ပသို့ ပြန်လည် ရွှေ့ပြောင်းပြီးစီးမှု အခြေအနေ များကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက် များအပေါ် မော်တော်ကားလမ်း များ လမ်းနယ်နိမိတ် စနစ်တကျ ဖြစ်စေရေး၊ လမ်းအင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးနှင့် အခြားလိုအပ်သည် များကို လမ်းညွှန်မှာကြားခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ရန်ကုန်မြို့အတွင်း ရေမြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် ရေဆိုးထုတ်စနစ်များကောင်းမွန်အောင် စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်လို

❖ ရေနုတ်မြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် အမှိုက်စွန့်ပစ်သည့်စနစ်များကို စနစ်တကျဖြင့် အဆက်မပြတ်ဆောင်ရွက်သွားရန်လို

❖ ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့ပြဖွံ့ဖြိုးသာယာလှပရေးအတွက်ပါ စနစ်တကျ တွက်ချက်ဆောက်လုပ်သွားရန်လို

❖ လမ်းများတိုးချဲ့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူသွားလမ်းပလက်ဖောင်းများ စနစ်တကျ ထည့်သွင်းတည်ဆောက်သွားရန်နှင့် ရေနုတ်မြောင်းများကိုလည်း စနစ်တကျ ထည့်သွင်းဖောက်လုပ်သွားရန်လို

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံ

## ဥပဒေပြုမဏ္ဍိုင်အနေဖြင့် ဥပဒေ၏ အကာအကွယ်အောက်တွင် နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများကို အေးအေးချမ်းချမ်းနေနိုင်ရန်အတွက် ဆောင်ရွက်ပေးနိုင်အောင် ကြိုးစားသွားရမည်

**ရန်ကုန် မေ ၂**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်သဘင်ဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ စုံစုံညီညီ ကျန်းကျန်းမာမာနှင့် တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ စိတ်ချမ်းသာကိုယ်ကျန်းမာဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း၊ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီ နည်းလမ်းအရ အစိုးရသစ်တစ်ရပ်ထွက်ပေါ်လာပြီးနောက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေး မဏ္ဍိုင်စသည့် မဏ္ဍိုင်သုံးရပ်ထွက်ပေါ်လာပါကြောင်း၊ အဆိုပါမဏ္ဍိုင်ကြီးသုံးရပ်ကို ကဏ္ဍအလိုက် အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းပြီး စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ရရှိအောင် တည်ဆောက်သွားရမည်ဖြစ်ပါကြောင်း။

မိမိတို့ဥပဒေပြုမဏ္ဍိုင်အနေဖြင့် ဥပဒေ၏ အကာအကွယ်အောက်တွင် နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများကို အေးအေးချမ်းချမ်းနေနိုင်ရန်အတွက် ဆောင်ရွက်ပေးနိုင်အောင် ကြိုးစားသွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ တာဝန်ယူစဉ်ကာလအတွင်း လွှတ်တော်၏ အခန်းကဏ္ဍမြင့်မားတိုးတက်အောင်ဆောင်ရွက်သွားရန်အစီအမံများ ချမှတ်ထားပါကြောင်း။




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ ပါတီ၊ ပြည်သူပူးပေါင်းပြီး နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အပံ့ ကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော် ကိုယ်စားလှယ်များသည် ပြည်သူများက ယုံယုံကြည်ကြည်ဖြင့် ဆန္ဒမဲပေးရွေးချယ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ကို ရွေးချယ်ပေးလိုက်သည့် ပြည်သူများ၏ ဆန္ဒနှင့်မျှော်လင့်ချက်များကို အထူးအလေးထား ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

လွှတ်တော်၏ ရည်မှန်းချက်တာဝန်(၄)ရပ်ကို ဖော်ဆောင်ရာတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများကို ကိုယ်စားပြု၍ အဆင့်မြင့်မြင့်ဖော်ဆောင် သွားရမည်ဖြစ်ပါကြောင်း၊ ဥပဒေပြုရေးလုပ်ငန်းတာဝန်များကို ဆောင်ရွက်သည့်အခါတွင် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများသည် ယနေ့မျက်မှောက် အခြေအနေနှင့် ကိုက်ညီမှုရှိ မရှိ၊ ထပ်မံဖြည့်စွက်ရန်လို မလို၊ ဖျက်သိမ်းရန်နှင့် အသစ်ပြန်လည်ပြဋ္ဌာန်းရန် လို မလို စသည်များကို သေချာစွာစိစစ်ဆောင်ရွက်သွားရမည်ဖြစ်သဖြင့် လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ဥပဒေရေးရာကိစ္စရပ်များကို နားလည်တတ်ကျွမ်းရန် လိုအပ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်တွင် ပကတိဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်နှင့် တည်ဆဲဥပဒေများကို နှိုင်းယှဉ်သုံးသပ်ပြီး နိုင်ငံသူနိုင်ငံသားများကို ဥပဒေ အကာအကွယ်အောက်တွင် ထားရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူလူထုနှင့် အစိုးရကြား ပြည်သူများ၏ လိုလားချက်များကို ကြားခံတစ်ခုအဖြစ် ဆောင်ရွက်ပေးနေရမည့် သူများဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ပြည်သူလူထုကြား ထဲထဲဝင်ဝင် ကွင်းဆင်း ဆောင်ရွက်ပေးခြင်း၊ ပြည်သူ့ လိုလားချက်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ပြီး တိုက်ရိုက်ထိတွေ့ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

**ပြောကြား**

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်၏ တာဝန်များကို ပြီးပြည့်စုံအောင် ဆောင်ရွက်ပေးနိုင်သည့် ကိုယ်စားလှယ်များဖြစ်အောင် ကြိုးစားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ကဏ္ဍအသီးသီးမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ပြည်သူလူထုများနားလည်ပြီး ပူးပေါင်းပါဝင်လာအောင် လွှတ်တော်ကိုယ်စားလှယ်များက ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု အကျပ်အတည်းဖြစ်စေသည့်ကိစ္စများကို နိုင်ငံတော်အစိုးရနှင့် ပူးပေါင်း၍ ပြည်သူလူထု၏ မျှော်မှန်းချက် မျှော်လင့်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက် ပေးသွားနိုင်ရေးအတွက် စွမ်းရည်မြင့်မားသည့် လွှတ်တော် ကိုယ်စားလှယ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့်နိုင်ငံတကာလွှတ်တော်များ၊ အာဆီယံလွှတ်တော်များနှင့် နိုင်ငံတကာဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ အာဆီယံဒေသတွင်း လွှတ်တော် အဖွဲ့အစည်းများနှင့် ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရန် လိုပါကြောင်း၊ လွှတ်တော်သည် နိုင်ငံတော်က အားကိုးရသည့် ဥပဒေပြုရေးမဏ္ဍိုင်ကြီးတစ်ခု ဖြစ်လာစေရေးနှင့်ပြည်သူလူထုကို အမှန်တကယ်အကျိုးပြုသည့် ပြည်သူလူထုအားကိုးရာ လွှတ်တော်တစ်ခုဖြစ်လာအောင် ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ပုလဲခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့အား တွေ့ဆုံသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်က ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်၏ ဆောင်ရွက်လျက်ရှိသည့် လွှတ်တော်ဆိုင်ရာလုပ်ငန်း အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များ အပေါ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးမြို့၌ အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**မကွေး မေ ၂**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများ နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သော နိုင်ငံသားစိစစ်ရေး ကတ်များ လက်ဝယ် ကိုင်ဆောင်နိုင်စေရန် မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန တာဝန်ရှိသူများက အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် မကွေးမြို့ မြင်သာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်ငွေသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ တာဝန်ရှိသူများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့် အညီစိစစ်၍ နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးနေမှု၊ အိမ်ထောင်စု စာရင်းနှင့် e-ID စနစ်ဖြင့် Biographic / Biometric ကောက်ယူ၍ Unique ID နံပါတ်တစ်ပါတည်း ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။



တင်ပြချက်များအပေါ် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံသား စိစစ်ရေးကတ်သည် နိုင်ငံသားတိုင်းအတွက် အရေးကြီးပါကြောင်း၊ သတ်မှတ်ကာလအတွင်း ဒေသခံပြည်သူများအားလုံး နိုင်ငံသားစိစစ်ရေးကတ်များ လက်ဝယ်ရရှိစေရေးအတွက် ဝန်ထမ်းများအနေဖြင့် စနစ်တကျ စိစစ်ဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ဒေသခံပြည်သူများအား UID CARD နှင့် နိုင်ငံသား စိစစ်ရေးကတ်များ လက်ဝယ်အရောက် ပေးအပ်ပြီး ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီးဦးတင်ဦးလွင် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အခမ်းအနားသို့ ကြွရောက်တော်မူကြသော ဆရာတော်များအား ဖူးမြော်

**ရန်ကုန် မေ ၂**

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ Novotel Hotel သို့ ရောက်ရှိကာ ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်လျက်ရှိသည့် ပြည်ပနိုင်ငံ ၁၄ နိုင်ငံမှ ဆရာတော်အရှင်သူမြတ်များအား ဖူးမြော်၍ ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



**ဆက်ကပ်လှူဒါန်း**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ အဓိပတိ သောဋသမ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာ အရှင်ဉာဏိဿရ သီတဂူ ဆရာတော်ကြီးအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ပြည်ပနိုင်ငံ ၁၄ နိုင်ငံမှ ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာ အခမ်းအနားသို့ တက်ရောက်လျက်ရှိသည့် ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို၊ သီရိလင်္ကာ၊ နီပေါ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ အမေရိကန်၊ မက္ကဆီကို၊ ကိုရီးယား၊ ဘူတန်နှင့် ဩစတြေးလျနိုင်ငံများမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ယခုကဲ့သို့ ထေရဝါဒ နိုင်ငံများနှင့် အခြားသော ပြည်ပနိုင်ငံများမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား တစုတဝေးတည်း ဖူးမြော်တွေ့ဆုံခွင့် ရရှိသည့်အတွက် များစွာ ဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ယခုအခမ်းအနားကြီးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခမ်းအနားကို တက်ရောက်လာကြသည့်အတွက်လည်း ကျေးဇူးအထူး တင်ရှိပါကြောင်း လျှောက်ထားသည်။

ယင်းနောက် သီရိလင်္ကာနိုင်ငံ သျှာမနိကာယ ကောတေချပ်ပတာ အနုနာယကဖြစ်သူ The Most Ven. Prof Kotapitiye Rahula Anunayake Thero၊ ကမ္ဘောဒီးယားနိုင်ငံမှ သံဃာ့ရာဇာဆရာတော်ကြီးကိုယ်စား တက်ရောက်လာသည့် Dr. Yon Seng Yeath၊ ဩစတေးလျနိုင်ငံမှ ဆရာတော် Thich Quang Ba၊ အမေရိကန်ပြည်ထောင်စုမှ ဆရာတော် John David Dinsmore (အရှင်စိန္တိတ)၊ မက္ကဆီကိုနိုင်ငံမှ ဆရာတော် Angel Oscar Valentinuzzi (အရှင်နန္ဒိသေန)၊ နီပေါနိုင်ငံမှ ဆရာတော် Siddhartha Maharjan (အရှင်နိဂြောဓ)နှင့် ဆရာတော်ကြီးများက ကျေးဇူးတင် ဝမ်းမြောက်စကားများ ပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ပနိုင်ငံမှ ဆရာတော်ကြီးများအား လှူဖွယ်သင်္ကန်းနှင့် ပိဋကတ်ဘာသာပြန် ကျမ်းစာအုပ်များ၊ ဓမ္မစာအုပ်များနှင့် ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အမှတ်တရပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပပြီးမြောက်

**ရန်ကုန် မေ ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား တတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဆဋ္ဌသင်္ဂါယနာတင်မဟာထေရ်မြတ်တို့အား ပူဇော်သောအားဖြင့် နိုင်ငံတော်ဩဝါဒါစရိယ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ် နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တတေဇနိယက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသနှင့် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရတို့က အဘိဓမ္မာပိဋကတ်သင်္ဂါယနာ အမေးအဖြေပြုလုပ်၍ သံဃာတော် ၁၅ ပါးတို့က စုပေါင်းသံပြိုင်ရွတ်ဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသက ဩဝါဒကထာမိန့်ကြားချီးမြှင့်တော်မူသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက မေ ၁ ရက် ဆဋ္ဌသင်္ဂါယနာတင်စာတမ်းဖတ်ပွဲတွင် ဖတ်ကြားခဲ့သည့် စာတမ်းငါးစောင်အပေါ် စိစစ်သုံးသပ် လျှောက်ထားသည်။

ဆက်လက်၍ သဘာပတိဆရာတော်ကြီးများနှင့် စာတမ်းရှင်ဆရာတော်များအား စာတမ်းဖတ်ပွဲအခမ်းအနားအမှတ်တရ ဂုဏ်ပြုမှတ်တမ်းလွှာများ၊ လှူဖွယ်ပစ္စည်းများကို ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြပြီး ပြည်ထောင်စုဝန်ကြီးက ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား ပြီးစီးအောင်မြင်မှုအတွက် ကျေးဇူးတင်စကား လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသက ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် ထောပနာနှင့် ကြေညာစာတမ်းကို မိန့်ကြားတော်မူသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ သီတဂူဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဒေါက်တာဘဒ္ဒန္တဉာဏိဿရက ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားဆိုင်ရာ ဩဝါဒများကို မိန့်ကြားတော်မူသည်။

ဆက်လက်၍နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကို ထေရ်ရှင်ဆရာတော်ကြီးများက ဩဝါဒကထာများမိန့်ကြားခြင်း၊ သုံးရက်တိုင်တိုင် ဆဋ္ဌသင်္ဂါယနာတင်မဟာထေရ်မြတ်တို့အား ပူဇော်သောအားဖြင့် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ သင်္ဂါယနာအမေးအဖြေပြုလုပ်ခြင်း၊ ပြည်တွင်းမှ စာသင်တိုက်ကြီးများ၊ ဗုဒ္ဓတက္ကသိုလ်များ၊ ပြည်ပနိုင်ငံအသီးသီးတို့မှ သဝဏ်လွှာများဖတ်ကြားခြင်းနှင့် သင်္ဂါယနာတင်နှင့် ထေရဝါဒဗုဒ္ဓသာသနာတော်ဆိုင်ရာစာတမ်းများ ဖတ်ကြားခြင်းတို့ဖြင့် အောင်မြင်စွာပြီးမြောက်ကြောင်း ဩဝါဒကထာမိန့်ကြားပြီး ရေစက်ချတရားချီးမြှင့်တော်မူသည်။



သင်္ဂါယနာကို သာသနာသက္ကရာဇ် ၁ ခုနှစ်တွင် ပထမအကြိမ်၊ သာသနာသက္ကရာဇ် ၁၀၀ ပြည့်နှစ်တွင် ဒုတိယအကြိမ်၊ သာသနာသက္ကရာဇ် ၂၃၅ ခုနှစ်တွင် တတိယအကြိမ်၊ သာသနာသက္ကရာဇ် ၄၅၀ ပြည့်နှစ်တွင် စတုတ္ထအကြိမ်၊ သာသနာသက္ကရာဇ် ၂၄၁၅ ခုနှစ်တွင် ပဉ္စမအကြိမ်၊ သာသနာသက္ကရာဇ် ၂၄၉၈ ခုနှစ်တွင် ဆဋ္ဌမအကြိမ်သင်္ဂါယနာတင်ခဲ့ပြီး ယခုအခါ နှစ်(၇၀)ပြည့်သည့် ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲအထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကို ဧပြီ ၃၀ ရက်မှစ၍ မေ ၂ ရက်အထိ သုံးရက်တိုင်တိုင် သာသနာတော် သန့်ရှင်း၊ တည့်တံ့၊ ပြန့်ပွားစေရေးအတွက် အားထုတ်ကြိုးပမ်းမှုတစ်ခုဖြစ်ပြီး သက်တော်ရှည် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ပိဋကတ်တော်ဆောင် ဆရာတော်ကြီးများ၊ ပိဋကတ်အကျော်အမော် ဆရာတော်ကြီးများ၊ ပရိယတ္တိဝန်ဆောင်၊ ပဋိပတ္တိဝန်ဆောင် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များနှင့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ ထေရဝါဒငါးနိုင်ငံမှ သံဃာတော်များ၊ အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဘူတန်နိုင်ငံ၊ မက္ကဆီကိုနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ဩစတေးလျနိုင်ငံ အပါဝင် နိုင်ငံပေါင်း ၁၄ နိုင်ငံတို့မှ သံဃာ့ရာဇာဆရာတော်ကြီးများ ကြွရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# လှည်းကူးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် Unique ID ကောက်ယူထုတ်ပေးခြင်း ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် မေ ၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မြို့မရပ်ကွက် ရွာမ (အမက-မူလွန်)၌ လမင်းစီမံချက်ဖြင့် နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် Unique ID ကောက်ယူထုတ်ပေးခြင်းလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လှည်းကူးမြို့နယ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခန့်ဝေ ဦးဆောင်၍ ဧပြီ ၃၀ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်နေမှုအခြေအနေကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးအောင်မျိုးနိုင်၊ ဦးကျော်မင်းထွန်းတို့နှင့်အတူ မြို့နယ်အဆင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ရွှေစင်(လှည်းကူး)**

# နိုင်ငံတော်သစ်၏ ဗလငါးတန်ပြည့်ဝ လူရည်ချွန်များ

ဉာဏ်သစ်(မန်းတက္ကသိုလ်)




လူငယ်ဆိုသည်မှာ မိမိတို့နိုင်ငံ၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် ပခုံးပြောင်းတာဝန်ယူကြမည့် အဖိုးတန်ဆုံးသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကြပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်များအား ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ ဟူသည့် "ဗလငါးတန်"နှင့် ပြည့်စုံသော လူတော်လူကောင်းများ ဖြစ်လာစေရန် လူငယ်ကဏ္ဍကို အထူးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိရာ **"လူရည်ချွန်စီမံကိန်း"**သည် သမိုင်းအစဉ်အလာကြီးမားသော အစီအစဉ်တစ်ခုအဖြစ် ခိုင်မာစွာရပ်တည်လျက်ရှိပါသည်။

လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ၁၉၈၈ ခုနှစ်အထိ (၂၅)ကြိမ်မြောက် ငွေရတုလူရည်ချွန်စီမံကိန်းအထိ နှစ်စဉ်မပျက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၁၉၈၉ ခုနှစ်မှစတင်ကာ ယာယီရပ်နားထားခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် **"ဘက်စုံပညာထူးချွန်လူငယ်"**စီမံကိန်းအမည်ဖြင့် ပြန်လည်စတင်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင်မူ **"လူရည်ချွန်"** ဟူသော အမည်နာမဖြင့်ပင် ပြန်လည်ပြင်ဆင် အကောင်အထည်ဖော်ခဲ့ပါသည်။ သို့ရာတွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှစ၍ ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုအခြေအနေများကြောင့် ခေတ္တရပ်နားခဲ့ရပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အောင်မြင်စွာ ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ထူးချွန် လူရည်ချွန်မောင်မယ်များကို အခြေခံပညာကဏ္ဍသာမက အဆင့်မြင့်ပညာကဏ္ဍ ဘာသာရပ်အထူးပြု အသီးသီးမှ ရွေးချယ်ဆောင်ရွက်ခဲ့ပါသည်။ ရွေးချယ်ခံရသော လူရည်ချွန်စာရင်းများကို အတည်ပြု ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီး၏ သက်ရောက်မှု ကြီးမားခဲ့သဖြင့် လူရည်ချွန်များအတွက် စခန်းဖွင့်လှစ်ကျင်းပဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ ယခုပညာသင်နှစ် ၂၀၂၅-၂၀၂၆ ၏ အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍတို့မှ ထူးချွန် လူရည်ချွန်မောင်မယ်များဖြင့် အစိုးရသစ်ကို မင်္ဂလာရှိစွာ ကြိုဆိုဂုဏ်ပြုကျင်းပသည့်ပမာ တိုက်ဆိုင်နေပါသည်။

**လူရည်ချွန်ဖြစ်လာရန် စနစ်တကျပြုစုပျိုးထောင်ခြင်းမှသည် ထူးချွန်မှုဆီသို့**

လူငယ်မောင်မယ်တို့သည် ပွင့်ဦးစပန်းလေးများနှင့် အလားသဏ္ဌာန်တူကြပါသည်။ ပန်းလေးတစ်ပွင့် ငွားငွားစွင့်စွင့် ပွင့်ဖူးလာစေရန် ကောင်းမွန်သောမြေ၊ သန့်ရှင်းသောလေ၊ အေးချမ်းသောရေနှင့်နေရောင်ခြည်တို့အချိုးကျပေါင်းစပ်ရန်လိုအပ်သကဲ့သို့ အနာဂတ်အတွက် အားထားရသည့် လူရည်ချွန်များ ထွက်ပေါ်လာရန်မှာလည်း ဥယျာဉ်မှူးနှင့်တူသော မိဘ၊ ဆရာတို့၏ စနစ်တကျ သင်ကြားပြသမှုနှင့် နိုင်ငံတော်၏ မြေတောင်မြှောက်ပေးမှုတို့အပေါ် များစွာမူတည်နေပါသည်။

လူရည်ချွန်တစ်ဦး ဖြစ်လာရေးမှာ **"အခုရေတွင်းတူး၊ အခုရေကြည်သောက်"** သကဲ့သို့ ယနေ့ကြိုးစား၍ ယနေ့ချက်ချင်း ရရှိလာနိုင်သည့် ကံထူးမှုမျိုးမဟုတ်ဘဲ ငယ်စဉ်ကတည်းက စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးခြင်း၏ အကျိုးကျေးဇူးရလဒ်ပင် ဖြစ်ပါသည်။ လူရည်ချွန်ဟူသည် စာတော်ရုံမျှဖြင့် မလုံလောက်ဘဲ ဉာဏဗလ၊ ကာယဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့် ဘောဂဗလတည်းဟူသော ဗလငါးတန်နှင့်ပြည့်စုံရန် လိုအပ်လှပါသည်။

အဆင့်ဆင့်သော စိစစ်ရွေးချယ်မှုနှင့် စံနှုန်းများ လူရည်ချွန်တစ်ဦးအဖြစ် ရွေးချယ်ခံရရန် ကျောင်းအဆင့်တွင် အတန်းအလိုက် အမြင့်ဆုံးရမှတ်များ ရရှိထားရမည့်အပြင် အဆင့်ဆင့်သော စစ်ဆေးမှုများကို ကျော်ဖြတ်ကြရပါသည်။ လူရည်ချွန်စီမံကိန်းတွင် ပါဝင်ယှဉ်ပြိုင်မည့် လူငယ်မောင်မယ်များအား စိစစ်ရွေးချယ်ရာတွင် ပညာရပ်ဆိုင်ရာ စွမ်းဆောင်ရည်၊ ကိုယ်ရည်ကိုယ်သွေးနှင့် ကိုယ်ကာယကြံ့ခိုင်မှုတို့အား အဓိကထား၍ ဘက်စုံရှုထောင့်မှ အကဲဖြတ်စစ်ဆေးလေ့ရှိပါသည်။ ဤရွေးချယ်မှုလုပ်ငန်းစဉ်သည် လူငယ်များ၏ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံ၍ စနစ်တကျပြုလုပ်ခြင်းဖြစ်ပြီး အောက်ပါ အဓိကကဏ္ဍများဖြင့် ဖွဲ့စည်းထားပါသည်-

ပထမဦးစွာ ရေးဖြေစစ်ဆေးမှုကဏ္ဍတွင် ဘာသာရပ်ဆိုင်ရာ အခြေခံဗဟုသုတများဖြစ်သည့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတတို့အား ဖြေဆိုကြရပါသည်။ ဤစစ်ဆေးမှုသည် ကျောင်းသားများ၏ ပညာရပ်ဆိုင်ရာ နားလည်မှုနှင့် စာပေကျွမ်းကျင်မှုကို အကဲဖြတ်ခြင်းဖြစ်ပြီး ၎င်းတို့၏ ဉာဏစွမ်းအားကို သိရှိနိုင်ရန် ရည်ရွယ်ပါသည်။

ဒုတိယအချက်အနေဖြင့် လူတွေ့စစ်ဆေးခြင်းကဏ္ဍတွင် ဘဝတွက်တာကျွမ်းကျင်စရာများ၊ စာရိတ္တကောင်းမွန်မှု၊ ပြည်သူ့နီတိနှင့် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများအပေါ် ကျောင်းသားများ၏ သဘောထားနှင့် အသိအမြင်များကို အကဲဖြတ် မေးမြန်းလေ့ရှိပါသည်။ ဤကဏ္ဍသည် လူငယ်တို့၏ စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားကို လေ့လာနိုင်ရန် အဓိကရည်ရွယ်ပါသည်။

တတိယအချက်မှာ ကိုယ်ကာယကြံ့ခိုင်မှုစစ်ဆေးခြင်းဖြစ်ပါသည်။ အပြေး၊ အလျားခုန်၊ အိပ်ထမတင်၊ ဒိုက်ထိုးနှင့် ခါးရှေ့ကုန်းထိခြင်းစသည့် ကိုယ်လက်လှုပ်ရှားမှုများကို လက်တွေ့စစ်ဆေးခြင်းဖြင့် လူငယ်များ၏ ကျန်းမာကြံ့ခိုင်မှုနှင့် တက်ကြွဖျတ်လတ်မှုကို တိုင်းတာပါသည်။

လူမှုရေးဆောင်ရွက်မှုတွင် ပါဝင်ခဲ့ခြင်းကိုလည်း အကဲဖြတ်ရာ၌ အရေးပါသောအချက်အဖြစ် သတ်မှတ်ပါသည်။ လူမှုဝန်ထမ်းလုပ်ငန်းများ၊ ပရဟိတလုပ်အားပေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများသည် လူငယ်တို့၏ ပရဟိတစိတ်ဓာတ်နှင့် အသင်းအဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်တတ်သည့် **"မိတ္တဗလ"**ကို ထင်ဟပ်စေပါသည်။ ဤကဲ့သို့ ဘက်စုံစိစစ်ရွေးချယ်မှုများသည် ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်၏ အနာဂတ်တာဝန်များကို ထမ်းဆောင်နိုင်မည့် လူတော်လူကောင်းများကို မွေးထုတ်ပေးနိုင်ရန်အတွက် အခြေခံအုတ်မြစ်များပင် ဖြစ်ပါသည်။

ဤကဲ့သို့ ကျောင်းအဆင့်၊ မြို့နယ်အဆင့်မှသည် ခရိုင်အဆင့်အထိ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာနှင့် စာရိတ္တပိုင်းဆိုင်ရာများကို စနစ်တကျ စိစစ်ရွေးချယ်ခံရခြင်းဖြစ်သဖြင့် လူရည်ချွန်မောင်မယ်များသည် မိမိတို့ကိုယ်တိုင် ထိုက်ထိုက်တန်တန် ဂုဏ်ယူထိုက်သည့်အပြင် အခြားလူငယ်များအတွက်လည်း အားကျအတုယူဖွယ် စံပြပုဂ္ဂိုလ်များပင် ဖြစ်ပါသည်။

**လူရည်ချွန်စခန်း အတွေ့အကြုံသစ်များမှတစ်ဆင့် နိုင်ငံ့သားကောင်းများ ပျိုးထောင်ခြင်း**

လူရည်ချွန်စီမံကိန်း၏ ထူးခြားချက်မှာ စာတွေ့ပညာရပ်များသာမက လေ့လာရေးခရီးစဉ်များမှတစ်ဆင့် ရရှိလာမည့် လက်တွေ့ဘဝ အတွေ့အကြုံများပင် ဖြစ်ပါသည်။ ဤစခန်းများသည် လူငယ်များအတွက် အပန်းဖြေခြင်းသက်သက်မျှသာ မဟုတ်ဘဲ ဗဟုသုတအဖြာဖြာကို ရှာဖွေနိုင်သည့် တက္ကသိုလ်ကြီးတစ်ခု သဖွယ်ဖြစ်ပေသည်။ နေပြည်တော်ကို စုပေါင်းစခန်းအဖြစ် သတ်မှတ်ထားပြီး နယ်စခန်းများအဖြစ် ပြင်ဦးလွင်၊ အင်းလေး၊ ငွေဆောင်နှင့် ချောင်းသာ လူရည်ချွန်စခန်းတို့တွင် အဆင့်ဆင့် လေ့လာရေးခရီးများ သွားရောက်ကြမည် ဖြစ်ပါသည်။

**စခန်းအတွေ့အကြုံများနှင့် အလေ့အကျင့်ကောင်းများ**

လူရည်ချွန် စခန်းများသည် ပြည်ထောင်စုတိုင်းရင်းသား ကျောင်းသားကျောင်းသူများအချင်းချင်း ဆုံဆည်းရာနေရာဖြစ်ပြီး ညီအစ်ကိုမောင်နှမရင်းများသဖွယ် ချစ်ကြည်ရင်းနှီးမှု တည်ဆောက်နိုင်သည့် အခွင့်အလမ်းကောင်းများ ဖြစ်ပါသည်။ ဤနေရာတွင် ရရှိလာမည့် အလေ့အကျင့်ကောင်းများမှာ-

**အသင်းအဖွဲ့စိတ်ဓာတ်(Team Spirit)-** မိသားစုစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အများနှင့်စုပေါင်း၍ အသင်းအဖွဲ့လိုက် လှုပ်ရှားခြင်းတို့ကြောင့် လူမှုရေးစွမ်းရည်များ တိုးတက်လာပါသည်။

**ဒေသန္တရဗဟုသုတ -** ရောက်ရှိရာဒေသ၏ ရိုးရာယဉ်ကျေးမှုများ၊ သမိုင်းဝင်နယ်မြေများ၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများကို လေ့လာခြင်းဖြင့် နိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးမှုအခြေအနေကို သိရှိနားလည်လာစေပါသည်။

**စွမ်းရည်မြှင့်တင်ခြင်း -** နိုင်ငံတော်သမိုင်း၊ လွတ်လပ်ရေးကြိုးပမ်းမှု အခြေအနေများ၊ တက္ကသိုလ်ဘာသာရပ် မိတ်ဆက်ဟောပြောပွဲများ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများတွင် ပါဝင်ခြင်းဖြင့် ခေါင်းဆောင်မှု အရည်အချင်းများ ပေါ်ထွက်လာပါသည်။

**အနာဂတ်၏ အရင်းအမြစ်များ**

၁၉၆၄-၈၈ ခုနှစ် ပထမစီမံကိန်းကာလမှသည် ၂၀၁၃ ခုနှစ် နောက်ပိုင်း ဒုတိယစီမံကိန်းကာလအထိ လူရည်ချွန်ပေါင်းများစွာကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ယခင်လူရည်ချွန်များသည် ဝန်ကြီးဌာန အသီးသီးတွင် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပါမောက္ခများနှင့် နိုင်ငံတော်အဆင့် တာဝန်ထမ်းဆောင်သူများအဖြစ် ပါဝင်လျက်ရှိကြသည်။ အထူးသဖြင့် ညွှန်ကြားရေးမှူး/ပါမောက္ခအဆင့်နှင့်အထက် တာဝန်ထမ်းဆောင်သူ ၂၆၁ ဦးထက်မနည်း ပေါ်ထွန်းခဲ့ခြင်းသည် ဤစီမံကိန်း၏ အောင်မြင်မှုကို သက်သေပြနေပါသည်။

မျက်မှောက်ခေတ်တွင် နိုင်ငံတော်က အခြေခံပညာမှစ၍ အခမဲ့ပညာသင်ကြားရေးကို ကျင့်သုံးနေသဖြင့် ထူးချွန်လိုစိတ်ရှိသူတိုင်း ပညာရပ်များကို လွယ်ကူစွာရယူနိုင်ပြီဖြစ်ပါသည်။ အခြေခံပညာရေးတွင် KG မှ Grade(9)အထိ မဖြစ်မနေ သင်ယူပြီးမြောက်စေရေး(KG+9) မူဝါဒသည် မြန်မာနိုင်ငံသားတိုင်းအတွက် အနည်းဆုံးလိုအပ်သည့် စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့်စည်းကမ်းရှိမှုကို အာမခံပေးမည့် အုတ်မြစ်ခိုင်မာရေးကို ဦးစားပေးထားသည်။ လူရည်ချွန်ဟောင်းများ၏ တာဝန်ကို လူရည်ချွန်သစ်များက ဆက်လက်ထမ်းဆောင်ကာ နိုင်ငံတော်၏ အနာဂတ်အတွက် ဗလငါးတန်နှင့် ပြည့်စုံစွာဖြင့် တိုင်းပြည်နှင့် လူမျိုးအကျိုးကို ပံ့ပိုးဆောင်ရွက်ကြရန်မှာ ဤစီမံကိန်း၏ အဓိက မျှော်မှန်းချက်ပင် ဖြစ်ပါသည်။

**လူရည်ချွန်စိတ်ဓာတ်နှင့် စံပြနိုင်ငံသား (စာသင်ခန်းမှသည် လူမှုဝန်းကျင်ဆီသို့)**

ကျွန်ုပ်တို့ငယ်စဉ် မူလတန်းကျောင်းသားဘဝ မြန်မာဖတ်စာအုပ်မှ **"လူရည်ချွန်"** ကဗျာငယ်နှင့် လူမွန်လူချွန်မောင်လေး၏ ပုံရိပ်သည် ကျွန်ုပ်တို့အား

**စာမျက်နှာ ၇ သို့ »»**

☆ **လူငယ်မောင်မယ်တို့သည် ပွင့်ဦးစပန်းလေးများနှင့် အလားသဏ္ဌာန်တူကြပါသည်။ ပန်းလေးတစ်ပွင့် ငွားငွားစွင့်စွင့် ပွင့်ဖူးလာစေရန် ကောင်းမွန်သောမြေ၊ သန့်ရှင်းသောလေ၊ အေးချမ်းသောရေနှင့် နေရောင်ခြည်တို့ အချိုးကျပေါင်းစပ်ရန်လိုအပ်သကဲ့သို့ အနာဂတ်အတွက် အားထားရသည့် လူရည်ချွန်များ ထွက်ပေါ်လာရန်မှာလည်း ဥယျာဉ်မှူးနှင့်တူသော မိဘ၊ ဆရာတို့၏ စနစ်တကျ သင်ကြားပြသမှုနှင့် နိုင်ငံတော်၏ မြေတောင်မြှောက်ပေးမှုတို့အပေါ် များစွာမူတည်နေပါသည်။**

☆ **လူရည်ချွန်တစ်ဦးဖြစ်လာရေးမှာ "အခုရေတွင်းတူး၊ အခုရေကြည်သောက်"သကဲ့သို့ ယနေ့ကြိုးစား၍ ယနေ့ချက်ချင်းရရှိလာနိုင်သည့် ကံထူးမှုမျိုးမဟုတ်ဘဲ ငယ်စဉ်ကတည်းက စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးခြင်း၏ အကျိုးကျေးဇူးရလဒ်ပင် ဖြစ်ပါသည်။ လူရည်ချွန်ဟူသည် စာတော်ရုံမျှဖြင့် မလုံလောက်ဘဲ ဉာဏဗလ၊ ကာယဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့် ဘောဂဗလတည်းဟူသော ဗလငါးတန်နှင့် ပြည့်စုံရန်လိုအပ်**

»»» စာမျက်နှာ ၆ မှ

ရိုးရှင်းသော်လည်း နက်နဲသော အမှန်တရားတစ်ခုကို လမ်းညွှန်ပြသလျက်ရှိပါသည်။ စာသင်ခန်းဆိုသည့် စင်မြင့်ထက်တွင် ပညာဗဟုသုတများ ဆည်းပူးနေရုံမျှဖြင့် စစ်မှန်သော **"လူချွန်လူမွန်"**တစ်ဦးဖြစ်လာရန် မလုံလောက်ဘဲ၊ ထိုပုံရိပ်လေးတွင် တွေ့မြင်ရသည့် လူမွန်လူချွန်မောင်လေးကဲ့သို့ **"စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ"**သုံးရပ်စလုံးကို ဟန်ချက်ညီအောင် ပျိုးထောင်ရန်လိုအပ်ကြောင်း ကျွန်ုပ်တို့အား သတိပေးလျက်ရှိပါသည်။

**စစ်မှန်သော လူရည်ချွန်တို့၏ အရည်အသွေးများ**

မြန်မာဖတ်စာပါ သရုပ်ဖော်ပုံရိပ်လေးနှင့် **"လူရည်ချွန်"**ကဗျာငယ်က ညွှန်ပြသည့် စံပြနိုင်ငံသားတစ်ဦး၏ အခြေခံအရည်အချင်းများကို ဖော်ညွှန်းလျက်ရှိပါသည် -

**ရိုးသားခြင်းနှင့် ပညာထူးချွန်ခြင်း**– ကဗျာက "ရိုးသား၍ ပညာထူးချွန်သူ"ဟု ဆိုသကဲ့သို့၊ ဤလူမွန်လူချွန်မောင်လေးသည် ရိုးသားဖြောင့်မတ်သော စိတ်ဓာတ်ဖြင့် ပညာရပ်များကို အပတ်တကုတ် ဆည်းပူးနေသူတစ်ဦးကို ကိုယ်စားပြုပါသည်။ ၎င်း၏ အဝတ်အစားနှင့် ဦးထုပ်သည် ၎င်း၏ တာဝန်ကျေပွန်မှုကို ဖော်ပြနေသကဲ့သို့၊ "စိတ်လှုပ်ရှားမှု" (Emotional Engagement)ပါဝင်သော သင်ကြားမှုအနုပညာဖြင့် မိမိကိုယ်ကို ပုံဖော်နေသူလည်း ဖြစ်ပါသည်။

**အကျင့်ကောင်းမွန်ခြင်းနှင့် ကိုယ်ကျိုးစွန့်ခြင်း** – ကဗျာတွင် "အကျင့်ကောင်းမွန်သူ၊ အများအကျိုးငှာ ကိုယ်ကျိုးစွန့်သူ" ဟု ဆိုသည့်အတိုင်း ဤလူမွန်လူချွန်မောင်လေးသည် တစ်ပါးသူ၏ လက်ကို တန်ဖိုးထား ဆုပ်ကိုင်လာခြင်းနှင့် ပဋိပက္ခများကို အပြုသဘောဆောင်သော နည်းလမ်းဖြင့် ဖြေရှင်းနိုင်ခြင်းတို့ ဖြစ်ပေါ်လာစေရန် လက်တွေ့ပြသနေသူ ဖြစ်ပါသည်။ ၎င်း၏ လူရည်ချွန် အဆောင်ယောင် အထိမ်းအမှတ်လည်စည်းသည် ၎င်း၏ ချိုသာယဉ်ကျေး ပညာဉာဏ် ထူးချွန်သည့် ပြယုဂ်ပင်။ ညီငယ် ညီမငယ်များအတွက် အတုယူအားကျဖွယ် လူရည်ချွန်လူငယ်အဖြစ် ဝင့်ထည်လှပါသည်။

**တာဝန်ကျေပွန်ခြင်းနှင့် ချီးကျူးထိုက်ခြင်း** – ကဗျာက "တာဝန်ကျေပွန်သူ၊ ထိုသူတို့ကို ချီးမွမ်းရမည်"ဟု ဆိုသကဲ့သို့ ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှုကို အခြေခံသည့် ငြိမ်းချမ်းသော လူမှုဆက်ဆံရေးကို တည်ဆောက်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဤလူမွန်လူချွန် မောင်လေးကဲ့သို့ ရိုးသား၍ ပညာထူးချွန်ပြီး တာဝန်ကျေပွန်သော လူငယ်မောင်မယ်များကို ကျွန်ုပ်တို့က ချီးကျူးဂုဏ်ပြုကြရပါမည်။ အားလုံးအတွက် အကျိုးရှိစေမည့်ရလဒ်ကို ဦးတည်ရှာဖွေတတ်သော စိတ်ဓာတ်သည် စာသင်ခန်းအတွင်းရှိ **"အများအကျိုးငှာ ကိုယ်ကျိုးစွန့်သူ"** ဟူသော အလေ့အထမှ စတင်ပါသည်။ မြန်မာဖတ်စာပါ ဤပုံရိပ်လေးသည် ကျွန်ုပ်တို့အား မိမိ၏ ကိုယ်ပိုင်အသိဉာဏ်၊ ကိုယ်ပိုင်ကျွမ်းကျင်မှုများဖြင့် ကမ္ဘာကို အကျိုးပြုနိုင်သော Glocal Citizens များ ဖြစ်လာစေရန် လမ်းပြပေးလျက်ရှိပါသည်။ ထို့ကြောင့် ဤကင်းထောက် မောင်လေးကဲ့သို့ ရိုးသား၍ ပညာထူးချွန်ပြီး တာဝန်ကျေပွန်သော လူငယ်မောင်မယ်များကို ကျွန်ုပ်တို့က ချီးကျူးဂုဏ်ပြုကြရပါမည်။ ဤကဲ့သို့သော အပြုသဘောဆောင်သည့် သင်ကြားမှု ပတ်ဝန်းကျင်မှတစ်ဆင့် တည်ဆောက်ယူသည့် နားလည်မှုနှင့် လေးစားမှုများသည် နိုင်ငံတော်အတွက် အေးချမ်းသာယာသော လူမှုဝန်းကျင်သစ်ဆီသို့ လျှောက်လှမ်းရာတွင် အခိုင်မာဆုံးသော အုတ်မြစ်များ ဖြစ်လာမည်မှာ ဧကန်မလွဲပင် ဖြစ်ပါသည်။

**ထာဝရလူရည်ချွန်တို့၏ နိုင်ငံ့တာဝန်နှင့် အနာဂတ်မျှော်လင့်ချက်**

ယနေ့ခေတ် စနစ်သစ်ပညာရေးတွင် အဆင့်ဆင့် စိစစ်ရွေးချယ်ခံရသော လူရည်ချွန် မောင်မယ်များသည် ပညာရေးထူးချွန်မှုသာမက ကိုယ်ရည်ကိုယ်သွေး မြင့်မားသည့် ခေါင်းဆောင်ကောင်းများအဖြစ် ပေါ်ထွက်လာကြမည် ဖြစ်ပါသည်။ **"လူရည်ချွန် တစ်ခါဖြစ်လျှင် ဘဝတစ်လျှောက်လုံး လူရည်ချွန်ပင်"** ဟူသော ဆုံးမစကားနှင့်အညီ ယနေ့လူရည်ချွန် မောင်မယ်များသည် စာသင်ခန်းအတွင်းမှ အောင်မြင်မှုတစ်ခုတည်းကိုသာ ပိုင်ဆိုင်သူများမဟုတ်ဘဲ နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်ပေးမည့် **"ထာဝရ လူမွန်လူချွန်များ"**ဖြစ်လာကြပါလိမ့်မည်။ မိမိတို့၏ အတတ်ပညာများဖြင့် နိုင်ငံတော်အား အလုပ်အကျွေးပြုကြမည့် သားကောင်း သမီးကောင်းများအဖြစ် တာဝန်သိစိတ်ဖြင့် ရှေ့ဆက်ကြမည့် အနာဂတ်၏ ဗိသုကာများပင် ဖြစ်ပါတော့သည်။ ခရီးစဉ်တစ်လျှောက် ရရှိခဲ့သော ချစ်ခင်ရင်းနှီးမှုများ၊ အပြန်အလှန် အားပေးကူညီမှုများနှင့် မမေ့နိုင်စရာ အမှတ်တရများသည် ၎င်းတို့၏ စိတ်ကူးစိတ်သန်းများကို ပိုမိုရှက်လွှင့်စေပြီး နိုင်ငံနှင့် တိုင်းရင်းသားလူမျိုးအားလုံး၏ အကျိုးစီးပွားကို မြှင့်တင်ပေးကြမည့် ခေါင်းဆောင်ကောင်းများအဖြစ်သို့ အသွင်ပြောင်းလဲပေးသွားမည်မှာ အသေအချာပင် ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် ဤလူငယ်များကို စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍအသီးသီးတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းထားပြီး ပညာရေးသည်သာလျှင် အခြေခံကျသော အဓိကသော့ချက်ဖြစ်ကြောင်း ခိုင်မာစွာယုံကြည်ထားပါသည်။ သို့ဖြစ်ပါ၍ လူငယ် မောင်မယ်တို့အနေဖြင့် ကျောင်းကောင်စီ ကတိကဝတ်ဖြစ်သော– **"မိမိကိုယ်ကိုကောင်းအောင်ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်"** ဟူသည့် စိတ်ဓာတ်ဖြင့် မိမိကိုယ်တိုင်သာမက မိမိပတ်ဝန်းကျင်နှင့် နိုင်ငံတော်အတွက်ပါ အကျိုးရှိသည့် စံပြလူငယ်များ ဖြစ်လာစေရန် အစဉ်တစိုက် ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါသည်။

ယနေ့ လူရည်ချွန်များသည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာသာမက စာရိတ္တကောင်းမွန်ပြီး ရိုးသားတက်ကြွဖျတ်လတ်သည့် နိုင်ငံ့သားကောင်းများအဖြစ် ရပ်တည်ကြရမည်ဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် တည်ဆောက်ရာတွင် နိုင်ငံတော်၏ အဓိကစွမ်းအားစုဖြစ်သော လူငယ်တို့၏ ပခုံးပြောင်းတာဝန်ယူမှုမှာ အရေးကြီးဆုံးသော အလှည့်အပြောင်းပင် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အကျိုးပြုလုပ်ငန်းစဉ်များတွင် အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ပံ့ပိုးကူညီကြမည့် ဤလူရည်ချွန် မောင်မယ်များအားလုံး၊ မိမိတို့ရရှိထားသော အသိပညာ၊ အတတ်ပညာများကို မေ့ပျောက်မပစ်ဘဲ ဦးနှောက်ထဲတွင် စွဲစွဲမြဲမြဲ မှတ်သားထားရင်း ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ပေးနိုင်ကြပါစေကြောင်းနှင့် နိုင်ငံ့သားကောင်းမှသည် ကမ္ဘာ့သားကောင်းများအဖြစ်သို့ အောင်မြင်စွာ လျှောက်လှမ်းနိုင်ကြပါစေကြောင်း လေးနက်သော ယုံကြည်ချက်၊ ခိုင်မာသော ကတိကဝတ်များနှင့်အတူ ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ။

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင် နေပြည်တော်စုရပ် ဗဟိုစခန်း(ရွာတော်)သို့ ရောက်ရှိလာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူရည်ချွန်များအား ရင်းရင်းနှီးနှီးကြိုဆို

**နေပြည်တော် မေ ၂**

ပြင်ဦးလွင်၊ အင်းလေး၊ နေပြည်တော်၊ ငွေဆောင်နှင့် ချောင်းသာ လူရည်ချွန်စခန်းများသို့ လေ့လာရေးခရီး သွားရောက်ကြမည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နဝမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူ ၉၆ ဦး၊ ဒသမတန်း လူရည်ချွန်ကျောင်းသားကျောင်းသူ ၁၃၂ ဦး၊ ဧကာဒသမတန်း လူရည်ချွန်ကျောင်းသားကျောင်းသူ ၁၃၃ ဦး၊ ဒွါဒသမတန်းလူရည်ချွန် ကျောင်းသား ကျောင်းသူ ၉၉ ဦး၊ တက္ကသိုလ် ပထမနှစ်နှင့် ဒုတိယနှစ် လူရည်ချွန်ကျောင်းသားကျောင်းသူ ၂၉၁ ဦး စုစုပေါင်း လူရည်ချွန် ကျောင်းသား ကျောင်းသူ ၇၅၁ ဦးနှင့် ကြီးကြပ်ဆရာ ဆရာမ ၁၀၂ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စုရပ် ဗဟိုစခန်း (ရွာတော်)သို့ ရောက်ရှိကြသည်။

ထိုသို့ရောက်ရှိစဉ် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ ပညာရေးမှူး၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများနှင့် တာဝန်ရှိသူများ၊ စခန်းတာဝန်ခံများနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက သပြေပန်းနှင့် စံပယ်ပန်းကုံးများစွပ်၍ ကြိုဆိုခဲ့ကြပြီး အိုးစည်ဒိုးပတ် အကများဖြင့် ကြိုဆိုကြသည်။



ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဦးနေမျိုးလှိုင်နှင့်တာဝန်ရှိသူများသည် ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်း၊ အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ကြီးကြပ်ဆရာ ဆရာမများသည် လူရည်ချွန်များကို ဧည့်ခံကျွေးမွေးမည့် စားရိပ်သာဆောင်များနှင့် လူရည်ချွန် မောင်မယ်များနှင့် နေပြည်တော်စုရပ် ဗဟိုစခန်း (ရွာတော်)၌ တည်းခိုကြပြီး ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

လူရည်ချွန်အပန်းဖြေစခန်းများသို့ သွားရောက်ကြမည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နဝမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ပြင်ဦးလွင် လူရည်ချွန်စခန်း၊ ဒသမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် အင်းလေး လူရည်ချွန်စခန်း၊ ဧကာဒသမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ငွေဆောင် လူရည်ချွန်စခန်း၊ ဒွါဒသမတန်း လူရည်ချွန်ကျောင်းသားကျောင်းသူများသည် နေပြည်တော် လူရည်ချွန်စခန်း၊ ပထမနှစ်နှင့် ဒုတိယနှစ် လူရည်ချွန်ကျောင်းသားကျောင်းသူများသည် ချောင်းသာ လူရည်ချွန်စခန်းများသို့ လေ့လာရေးခရီး သွားရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# စဉ့်ကူးမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်

**စဉ့်ကူး မေ ၂**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခြင်းကို ယနေ့နံနက် ၉ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ဦးစွာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးလှထွေး ဦးဆောင်သည့်ဝန်ထမ်းများက အသက်(၁၀)နှစ်နှင့် (၁၈)နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ၊ အသက်(၁၈)နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းနှင့် UID CARD ပြုလုပ်ပေးခြင်းများကို ဆောင်ရွက်ပေးသည်။

အဆိုပါ ဆောင်ရွက်ပေးလျက်ရှိရာသို့ စဉ့်ကူးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်း၊ အတွင်းရေးမှူးမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ထွန်းထွန်းနိုင်တို့က လာရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တင်ဇာလွင်(ပြန်/ဆက်)**

စာအုပ်စာပေ
လှူဒါန်းမိတ်ဆွေ
အလိုမှာ
စာမှာရှိ

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးနှင့် သွေးလှူဒါန်းမှု ကြည့်ရှုအားပေး



ရန်ကုန် မေ ၂

၂၀၁၈ ခုနှစ် မေ ၅ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်း ၁၄၀ သွေးလှူဒါန်းကြပြီး ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်း ၅၅၀ ဖြင့် ဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးနှင့် သွေးလှူဒါန်းခြင်းကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ပါမောက္ခချုပ် ဒေါက်တာထွန်းမင်းနှင့် ဆရာဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးနှင့် အရာရှိကြီးများက လိုက်လံကြည့်ရှုအားပေးပြီး သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များအား ခွန်အားပြည့် အာဟာရအစားအစာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲနှင့် ကလေးသူငယ်ပြုစုပျိုးထောင်ရေးဆိုင်ရာ အရည်အသွေးမြှင့်(ဆင့်ပွား)ဆွေးနွေးပွဲ တက်ရောက်

တောင်ကြီး မေ ၂

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးအဖွဲ့အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီက တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံ၌ ကျင်းပသည့် နှစ်(၈၀) ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲသို့ တက်ရောက်၍ သွေးလှူဒါန်းပေးနေကြသည့် မီးသတ်တပ်ဖွဲ့ဝင်များအား အားပေးစကားပြောကြားကာ အာဟာရပြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ထို့နောက် အမျိုးသမီးနှင့် ကလေးအထူးကု ဆေးရုံရှိ အမျိုးသမီးသားဖွားမီးယပ်ဆောင်၊ ကလေး အထူးကုသဆောင်နှင့် ဆေးရုံအတွင်းခန်းမဖွဲ့စည်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆေးကုသမှုခံယူနေသော ကိုရင်တစ်ပါးအား နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ နှစ်(၈၀) ပြည့် မီးသတ်တပ်ဖွဲ့အထိမ်းအမှတ် သွေးလှူဒါန်းပွဲတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း ၅၉ ဦးက စုပေါင်းသွေးလှူဒါန်းခြင်း ဖြစ်သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမ၌ ကျင်းပသည့် ၂၀၁၈ ခုနှစ် ရှမ်းပြည်နယ် (တောင်ပိုင်း) KG, Grade–1 သင်ပြနည်းစနစ်နှင့် မူကြိုသင်တန်းပြနည်းစနစ် ချိတ်ဆက်ဆောင်ရွက်သော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးဆိုင်ရာ အရည်အသွေးမြှင့် (ဆင့်ပွား)ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါ်ယဉ်မင်းစုက KG, Grade – 1 ဆရာ ဆရာမများအတွက် KG, Grade–1 သင်ပြနည်းစနစ်နှင့် မူကြိုသင်ပြနည်းစနစ် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်နှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းတက်ရောက်မည့် ဆရာဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နှစ် (၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းနေမှု ကြည့်ရှုအားပေး

မြစ်ကြီးနား မေ ၂

ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားမြို့အား သန့်ရှင်းသပ်ရပ်ပြီး မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပလာစေရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့အနေနှင့် လူထုပူးပေါင်းပါဝင်မှုဖြင့် အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့တို့တွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို စစ်ဆေးသည်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် မြို့သန့်ရှင်းသာယာလှပရေးအပြင် မြို့ပေါ်ရေဝပ်သည့် ရပ်ကွက်များတွင် ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့ပေါ်ရှိ ရှမ်းစုတောင်၊ အေးစေတီ၊ အောင်နန်း၊ ရမ်ပူ၊ ကြက်ပေါင်ခြံ၊ ခေမာသီရိ၊ ကျွန်းပင်သာရပ်ကွက်များကို ဖြတ်သန်းပြီး ရေကြည်ချောင်းမှတစ်ဆင့် ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သော အရှည်ပေ ၁၅၄၀၀၊ အကျယ် ငါးပေရှိ ကျောက်စီရေနုတ်မြောင်းဖြစ်သည့် အမှတ် (၄) ပင်မရေနုတ်မြောင်းကို ရမ်ပူရပ်ကွက်အတွင်း လမ်းသွယ် ၁၃ မှ လမ်းသွယ် ၂၄ အကြား စည်ပင်သာယာရေးအဖွဲ့က လူအား၊ စက်ယန္တရားအင်အားတို့ဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် မြစ်ကြီးနားမြို့ ကမ်းနားလမ်း၌ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများ၊ IMF ပြည်နယ် လူငယ်မိဿဟာယအသင်းမှ စေတနာ့ဝန်ထမ်းလူငယ်များ၊ မြို့ပေါ်ရှိ ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသားလူငယ်များ စုပေါင်း၍ Cleaning Campaign အဖြစ် ကမ်းနားလမ်းတစ်လျှောက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်သို့ သွားရောက်၍ အားပေးစကားပြောကြားကာ လူငယ်မိဿဟာယအဖွဲ့အတွက် ချီးမြှင့်ငွေကျပ်သိန်း ၂၀ ကို ပေးအပ်ပြီး We Love Myitkyina ဆိုင်းဘုတ်မှ ကမ်းနားလမ်းတစ်လျှောက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ပူးပေါင်းပါဝင် ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝိုင်းမော်မြို့သို့ သွားရောက်ပြီး နန့်မြစ်ခချောင်းတံတားမှ မြို့ဝင်ဆိုင်းဘုတ် နေရာအထိနှင့် အမှတ် (၁၊ ၂)ရပ်ကွက်များအတွင်း မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုကူညီရေးအသင်းအဖွဲ့များ စုပေါင်း၍ လမ်းဘေး ဝဲ/ယာတစ်လျှောက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး ဝိုင်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်းအတွင်းရှိ ပျိုးဥယျာဉ်ခြံ၌ မြို့စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးသွားမည့် အလှပန်းပင်များနှင့် အရိပ်ရပန်းပွင့်သည့် အပင်ကြီးမျိုးများ ပြုစုပျိုးထောင်ထားရှိမှု အခြေအနေများနှင့် လုပ်ငန်းသုံး ယာဉ်၊ ယန္တရားများအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြစ်ကြီးနား ခုတင်-၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်ဌာန၌ နှစ် (၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ်/ ခရိုင်/ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး သွေးလှူရှင်များအတွက် အာဟာရဖြည့်စွက်အစားအစာများကို လိုက်လံပေးအပ်ကာ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄၀)မူလွန် လက်ပံခါးလှကျောင်း၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများစုပေါင်း၍ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေ၊ ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များနှင့် သင်ထောက်ကူပစ္စည်းများကိုတာဝန်ရှိသူများထံပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပျဉ်းမနားမြို့ ကံဦးကျေးရွာအုပ်စု ရန်ကုန်-မန္တလေး လမ်းဟောင်းအတိုင်း ကြိုဆိုပါ၏ ဆိုင်းဘုတ်အထိ မြို့အဝင်လမ်းဘေးဝဲ/ယာ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပျဉ်းမနားမြို့ မင်္ဂလာရှမ်းကန်ရေလယ်ဘုရားသို့သွားရောက်ဖူးမြော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းကာ ရှမ်းကန်ပတ်လည် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေး၍ ရှမ်းကန်ပတ်လည် သန့်ရှင်းသာယာလှပရေး အမြဲမပြတ်ဆောင်ရွက်သွားရန်၊ အများပြည်သူ အပန်းဖြေနေရာများကို အမြဲမပြတ်ပြုပြင်ထိန်းသိမ်းခြင်းများ စနစ်တကျဆောင်ရွက်သွားရန် မှာကြားသည်။



အလားတူ နေပြည်တော်တစ်ဝန်း ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ကျန်ရှိသည့် မြို့နယ်များတွင်လည်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အပတ်စဉ် စနေ့နေ့တိုင်း အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့ ပန်းမြိုင်လယ်ဥယျာဉ်သို့သွားရောက်ပြီး အများပြည်သူ လာရောက်လည်ပတ် အပန်းဖြေနေရာများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ရာသီအလိုက် အလှပန်းပင်များနှင့် နှစ်ရှည်ပင်များ စိုက်ပျိုးကာ နွေ၊ မိုး၊ ဆောင်း သုံးရာသီပတ်လုံး စိမ်းလန်းစိုပြည်စေရေး ဆောင်ရွက်သွားရန်၊ ဥယျာဉ်အတွင်း သန့်ရှင်းသာယာလှပရေး အမြဲမပြတ် ဆောင်ရွက်သွားရန် မှာကြားသည်။

ပန်းမြိုင်လယ်ဥယျာဉ်သည် ပျဉ်းမနားမြို့ ရာဇဌာနီလမ်း ဘောဂသီရိအဝေးပြေး ယာဉ်ရပ်နားစခန်းအနီးတည်ရှိပြီး နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ထားရှိကာ အများပြည်သူများ အနေဖြင့် ဥယျာဉ်အတွင်းရှိ နှစ်ရှည်ပင်များနှင့် ပန်းမျိုးစိတ် ၁၀၀ ကျော်စိုက်ပျိုးထားမှုကို အခမဲ့ ဝင်ရောက်အပန်းဖြေလေ့လာနိုင်ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာမြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မုံရွာ မေ ၂

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ မြို့သစ်ရပ်ကွက်မှ အေးသာယာရပ်ကွက်အထိ ချင်းတွင်းမြစ်ရိုးတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။



စစ်ဆေးစဉ် ရေထိန်းတာရိုးများ ကြံ့ခိုင်မှုရှိစေရေး၊ တာရိုးများပေါ်ရှိ ကွန်ကရစ်လျှောက်လမ်းများ ကောင်းမွန်ပြီး မြို့နေပြည်သူများ လမ်းလျှောက်အပန်းဖြေပြုလုပ်နိုင်ရေးနှင့် လျှပ်စစ်မီးတိုင်များ၊ ခုံများနှင့် ပန်းအလှပင်များ ပြန်လည်ပြုပြင် ဆောင်ရွက်သွားရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းရှင်များအနေဖြင့် ချင်းတွင်းမြစ်အတွင်းမှ မြစ်သဲ၊ ကျောက် ထုတ်လုပ်ရေးလုပ်ငန်းလိုင်စင်များကိုသက်ဆိုင်ရာ ဌာနများ၏ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားကြရန် နှင့် ချင်းတွင်းမြစ် ရေစီးရေလာကောင်းမွန်စေရေး၊ ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးအတွက် အလေးထား လုပ်ကိုင်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် မုံရွာမြို့ ပုဂ္ဂလိက ရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီရုံး၌ ကြီးကြပ်ရေး ကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ကော်မတီအဖွဲ့ဝင်များက လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခရီးသွားပြည်သူများ ဘေးကင်းစွာဖြင့် သွားလာနိုင်ရေး၊ ရေကြောင်းအန္တရာယ် ကင်းရှင်းစေရေးနှင့် ရေယာဉ်များ စနစ်တကျသွားလာနိုင်ရေး၊ တရားမဝင်ကုန်ပစ္စည်းများ သယ်ဆောင်မှုမရှိစေရေးအတွက် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် မုံရွာမြို့ ဘိုးဘွားရိပ်သာအဝိုင်းပတ်မှ မုံရွာဘူတာအထိ ရထားသံလမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာ သန့်ရှင်းသပ်ရပ်မှုရှိစေရေး လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လပွတ္တာမြို့နယ်၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

လပွတ္တာ မေ ၂

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လပွတ္တာမြို့နယ်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၁ ရက် နံနက်ပိုင်းတွင် လယ်တီဒီပနီဓမ္မရိပ်သာကျောင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် လပွတ္တာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစံရင်မော်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်မျိုးမြင့်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိမ်းကိုကို၊ သန္ဓေ ၃၅ ဦး၊ အရန် ၃၀၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ၁၅ ဦးတို့က လယ်တီဒီပနီဓမ္မရိပ်သာကျောင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# အသားကဏ္ဍ တိုးတက်ထုတ်လုပ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် မေ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် စားရေရိက္ခာ ဖူလုံပိုလျှံရေးနှင့် ဈေးကွက်လိုအပ်ချက်ရှိနေသည့် အသားထုတ်လုပ်မှု မြှင့်တင်နိုင်ရေး အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ကံကြီးမွေးမြူရေးဇုန်နှင့် ရွှေမြို့မွေးမြူရေးဇုန်ရှိ မွေးမြူရေးတောင်သူများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် မွေးမြူရေးဇုန် ဖွံ့ဖြိုးရေးနှင့် စံပြမွေးမြူရေးဇုန်ဖြစ်ပေါ်စေရေးအတွက် မိရိုးဖလာမွေးမြူရေးမှ ခေတ်မီမွေးမြူရေးစနစ်သို့ ပြောင်းလဲကြရန်၊ တိရစ္ဆာန် အမျိုးအစားအလိုက် အစားအစာများ စနစ်တကျ စီမံဆောင်ရွက်ကြရန်၊ မွေးမြူရေးဇုန် ရေရှည်တည်တံ့စေရန် ဌာနနှင့် ပုဂ္ဂလိကတို့အကြား ဟန်ချက်ညီညီ ဆောင်ရွက်ကြရန်၊ ဌာနမှချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရန်၊ ဇုန်အတွင်း ဇီဝလုံခြုံရေးကို အလေးထားဆောင်ရွက်ကြရန်နှင့် ရောဂါကြိုတင်ကာကွယ်ရေး အစီအမံများ ဆောင်ရွက်ထားရှိရန်၊ မွေးမြူရေးကို အခြေခံသည့် ခေတ်မီကုန်ချောထုတ်လုပ်မှု အားကောင်းလာစေရေး ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် မွေးမြူရေးတောင်သူ ဦးမြတ်စံ၏ ဥစားကြက်အကောင် ၂၈၀၀၀ မွေးမြူထားရှိမှု၊ မွေးမြူရေးတောင်သူ ဦးမြတ်မင်းလတ်၏ ဒေသဆိတ်(ထိန်စမ်း) ၁၀၆ ကောင် မွေးမြူထားရှိမှုတို့ကို ကြည့်ရှုအားပေးပြီး ပြည်သူများ၏အသားစားသုံးမှု တိုးတက်လာခြင်းအပေါ် အသားလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရန် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေးကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနေမှု၊ လက်ရှိထုတ်လုပ်မှု ကုန်ကျစရိတ်အောက် လျော့နည်းသက်သာစေမည့် နည်းစနစ်များကို လိုက်နာကျင့်သုံးပြီး လုပ်ငန်းတိုးတက်မှု အရှိန်မြှင့်တင်နိုင်ရေး အကြံပြုဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သို့ရောက်ရှိပြီး မွေးမြူရေးအထူးပြုပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်း တက်ရောက်လျက်ရှိကြသည့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မွေးမြူရေးဘာသာရပ် သင်ကြားပေးကြမည့် ဆရာ ဆရာမ ၁၂၅ ဦးအား တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သီးနှံများတွင် ဓာတ်မြေဩဇာအသုံးပြုမှု အစားထိုးနည်းပညာများ (အပိုင်း - ၃)

မောင်ပြေ (ဆင်ပေါင်ဝဲ)

**တောင်သူဦးကြီးများ၏ သီးနှံစိုက်ပျိုးရေးအတွက် ဓာတ်မြေဩဇာအစားထိုးသုံးစွဲမှုနည်းပညာ များစွာရှိသည့်အနက် နည်းပညာအသစ်တစ်ခုအနေဖြင့် ပဲမျိုးရင်းဝင်အပင်ကြီးများ စိုက်ပျိုးထုတ်လုပ်ပြီး တောင်သူဦးကြီးများ၏ လယ်ယာလုပ်ငန်းများနှင့် ပူးတွဲဆောင်ရွက်အသုံးပြုကာ ဝင်ငွေပိုမိုရရှိနိုင်ခြင်းအကြောင်းကို ဆက်လက်ရေးသားဆွေးနွေးလိုပါသည်။**

### ဘောစကိုင်း (ခေါ်)

### အဝေရာ

ဤပဲမျိုးပင်သစ်ပင်ကြီးကို ၁၉၇၀ ပြည့်နှစ်များကတည်းက အံ့ဖွယ်သစ်ပင်အဖြစ် ကမ္ဘာပေါ်တွင် တိရစ္ဆာန်များကို ကျွေးမွေးနေပြီဖြစ်ပါသည်။ ယနေ့အထိ ဘောစကိုင်းပင်ကို တစ်ကမ္ဘာလုံး ဟက်တာပေါင်း ငါးသန်းကျော်ကျော် စိုက်ပျိုးလျက်ရှိနေပါပြီ။ သို့သော် တချို့မျိုးစိတ်များမှာ ပေါင်းပင်အနေဖြင့် ထိုးဖောက်ပြန့်ပွား နှောင့်ယှက်တတ်သော အပင်မျိုးများဖြစ်သဖြင့် စိုက်ပျိုးရာတွင် အလွန်သတိထားရပါမည်။

(မြန်မာနိုင်ငံတွင်ရှိသော ဘောစကိုင်းပင် အများစုမှာ ထိုပေါင်းပင်လိုမျိုးများဖြစ်ပြီး နွားစာအဖြစ်အသုံးပြုရသော ဩစတြေးလျနိုင်ငံမှ ကန်နင်ဟန်ဘောစကိုင်း အပင်ပုမျိုး (L.leucocephala Var. Cunningham) ပြောင်းလဲစိုက်ပျိုးရပါမည်။)

### အပင်၏ ရုက္ခဗေဒဆိုင်ရာ

ဤအပင်သည် ဆူးမပါပါ။ မျိုးအပေါ်လိုက်၍ ၁၀ ပေမှ ပေ ၄၀ ခန့်အထိ အပင်အမြင့်ရှိပါသည်။ မူရင်းဒေသမှာ မက္ကဆီကိုနိုင်ငံဖြစ်ပြီး ယခုတော့ တစ်ကမ္ဘာလုံး ပျံ့နှံ့နေပါပြီ။ အရွက်မှာ စုံပင်နိပ်အမျိုးအစား(Bi-pinnate)ဖြစ်ပြီး အသီးတစ်တောင့်တွင်အစေ့ ၁၅-၃၀ အထိ မျိုးစေ့များပါဝင်နိုင်ပါသည်။ ရုက္ခဗေဒ မျိုးခွဲပညာအရ ပဲမျိုးရင်းဝင် မိမိုဆေဆီး (Mimosaceae)အောက်တွင်ပါပြီး လူကေးနား မျိုးစိတ်(Genus – Leucaena)တွင် မျိုးပြား/မျိုးဖျား ပေါင်း ၁၄ ခုအထိ ရှိနေပါသည်။

အမြစ်နက်နက်ထိုးဆင်းသည့် ပုံစံဖြစ်ပြီး အမြဲစိမ်းသစ်ပင် ဖြစ်ပါသည်။

### သင့်တော်သော ရာသီဥတုနှင့် မြေဆီလွှာအနေအထား

ဘောစကိုင်းပင်သည် အပူပိုင်းဒေသပင်ဖြစ်၍ နေ့အပူချိန် ၂၅-၃၀ ဆဲလ်စီးယပ်ရမည်ဆိုလျှင် သင့်တော်သောကြီးထွားမှု ရရှိပါသည်။ အီကွေတာမှ လတ္တီတွဒ် ၁၀ ဒီဂရီအတွင်းဆိုလျှင် ပင်လယ်ရေပြင်အမြင့် မီတာ ၁၀၀၀ (ပေ ၃၀၀၀ အထိ)၊ လတ္တီတွဒ် ၁၀ -၂၅ ဒီဂရီအတွင်းဆိုလျှင် မီတာ ၅၀၀ (ပေ ၁၅၀၀ အထိ) အောင်မြင်စွာ စိုက်ပျိုးနိုင်ပါသည်။ အပူပိုင်းဒေသအပင်ဖြစ်၍ နှင်းခါးရိုက်မှုကို ခံနိုင်ရည်မရှိပါ။ ဤအပင်က အခြားအပင်ကို အရိပ်အဖြစ်ပေးနိုင်သော်လည်း မိမိကိုယ်တိုင်ကမူ အရိပ်မကြိုက်ပါ။ မိုးရေချိန်အနေဖြင့် မီလီမီတာ ၆၅၀ မှ ၃၀၀၀ (အနည်းဆုံး ၂၂ လက်မမှ လက်မ ၁၂၀ အတွင်း) ကောင်းမွန်စွာဖြစ်ထွန်းပြီး မိုးခေါင်ဒဏ်ခံနိုင်ရည်ရှိသော အပင်ဖြစ်သဖြင့် မိုးနည်းရပ်ဝန်းဒေသများဖြစ်သော မန္တလေး၊ မကွေး၊ စစ်ကိုင်း စသည့်ဒေသများတွင် အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းနိုင်ပါသည်။

ကြိုက်နှစ်သက်သော မြေဆီလွှာမှာ ရေထုတ်နိုင်သော ကယ်လ်ဆီယမ်ပါမြေဆီလွှာမျိုးကို ပိုမိုနှစ်သက်ပါသည်။



ကန်နင်ဟန်ဘောစကိုင်း အပင်ပုမျိုး နွားစားပဲပင်။

နိုက်ထရိုဂျင်ဖမ်းယူပေးနိုင်မှုမှာ မြေအမျိုးအစား၊ ရေရရှိမှု၊ ရာသီဥတုအပေါ် မူတည်နေပါသည်။

### ဘောစကိုင်းပင် စိုက်ပျိုး၊ ပြုစု၊ ပျိုးထောင်ခြင်း

အပင်ကြီးသဘာဝအရ အပင်ငယ်စဉ်တွင် ကြီးထွားမှုက နှေးကွေးပါသည်။ မျိုးစေ့မှာ အမျိုးအစားဖြစ်ပြီး အခွံမှာ ဖယောင်းလွှာပါဝင်သည့်အတွက် အစိုဓာတ်လွယ်လွယ်မရနိုင်ဘဲ အညှောက်ပေါက်နှေးပါသည်။ တစ်နည်းအားဖြင့် အစေ့ငုတ်ချိန်ရှိမှုကြောင့် အညှောက်ပေါက်စေရန် ရေပူနှင့် အချိန်အနည်းငယ်ခန့်၊ ဆာလ်ဖျူရစ်အက်စစ်နှင့် ငါး -၁၀ မိနစ်ခန့်ရေစိမ်ပေးခြင်းဖြင့် အစေ့ငုတ်မှု ချေဖျက်ကာ အညှောက်ပေါက်မှုမြန်လာနိုင်ပါသည်။ စိုက်ပျိုးရာတွင် သင့်တော်သော ရိုက်ဇိုဘီယမ် မျိုးကွဲထည့်ပေးနိုင်ပါက ပိုမိုအကျိုးရှိပါမည်။ ပျိုးထောင်၍ စိုက်ပျိုးလျှင် မျိုးစေ့များကို ပေ ၁၀-၃၀ ပင်ကြား၊ တန်းကြားအတွင်း တစ်လက်မအနက်ခန့် တစ်ဟက်တာ တစ်-နှစ် ကီလိုဂရမ်နှုန်း စိုက်ပျိုးပေးနိုင်ပါသည်။ ဖော့စ်ဖာရပ်စ် အာဟာရဓာတ်က လိုအပ်လျက်ရှိနေ၍ ဤအာဟာရဓာတ်ကို ဖမ်းပေးနိုင်သော ဗမ်မိုက်ကိုရိုက်ဇာ မှိုတစ်မျိုးနှင့်လည်း တွဲဖက်စိုက်ပျိုးနိုင်ပါသည်။

**သီးနှံအထွက်နှုန်း။** မြေအမျိုးအစား၊ မိုးရေချိန်အပေါ်မူတည်၍ တစ်နှစ်လျှင် တစ်ဟက်တာ (၂ ဒသမ ၅ ဧက)လျှင် သုံးတန်မှ တန် ၃၀ အထိ ထွက်ရှိနိုင်ပါသည်။ တိရစ္ဆာန်များစားသုံးနိုင်သောအစာအဖြစ် ၁၀ တန်အထိ ရရှိနိုင်ပါသည်။

**မီမိုဆင်းအဆိပ်ဖြစ်နိုင်မှု။** ဘောစကိုင်းပင်၏ အရွက်ကြီးများနှင့် အတောင့်များသည် မီမိုဆင်းအဆိပ်ဖြစ်နိုင်မှု အခြောက်အလေးချိန်၏ ၁၂ ရာခိုင်နှုန်းအထိ ဖြစ်နိုင်သော်လည်း အရွက်နုများတွင် သုံး – ငါးရာခိုင်နှုန်းသာပါဝင်နိုင်၍ တိရစ္ဆာန်များကို ကျွေးမွေးနိုင်ပါသည်။

### စားကျက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုစနစ်များ

#### (က) သီးနှံသစ်တောရောနှော၊ သစ်ပင်-မြက်-တိရစ္ဆာန် ပေါင်းစည်းစနစ်

လက်တင်အမေရိကနှင့် ဩစတြေးလျတွင် အသုံးများပါသည်။ ဘောစကိုင်းနှင့် မြက်များ ရောစပ်စိုက်ပျိုးသောစနစ် (Agroforestry System) ဖြစ်ပါသည်။

အကျိုးကျေးဇူးများမှာ တိရစ္ဆာန်အစာ အရည်အသွေး တိုးတက်ပါသည်။ မြေဆီဓာတ် တိုးတက်လာပါသည်။ တိရစ္ဆာန်မွေးမြူမှု ကောင်းမွန်လာပြီး အသားထုတ်လုပ်မှု တိုးတက်လာပါသည်။

#### (ခ) ရိတ်ဖြတ်ယူကျွေးမွေးစနစ်

မြန်မာနိုင်ငံအပါအဝင် အာရှနှင့် အာဖရိကတွင် အသုံးများပါသည်။ လယ်သမားများက မြက်ရွက်များကို ဖြတ်ယူပြီး တိရစ္ဆာန်ကို တိုက်ရိုက်ကျွေးသောစနစ်ဖြစ်ပါသည်။

ထွက်ရှိမှုမှာ တစ်နှစ်လျှင် မြက်ခြောက် ၁၂ – ၂၀ တန် (အခြောက်/ဟက်တာ Dry matter ha–2) ရနိုင်ပြီး ပရိုတင်းပါဝင်မှု ၂၂–၃၀ ရာခိုင်နှုန်းအထိ ရရှိနိုင်ပါသည်။

#### (ဂ) တိုက်ရိုက်လွှတ်ကျောင်းစားကျက်စနစ်

ဩစတြေးလျနိုင်ငံတွင် အထူးသဖြင့် အသုံးများပါသည်။ အကျိုးကျေးဇူးမှာ ကျွဲ၊ နွား၊ သိုး၊ ဆိတ်များ အလေးချိန်တိုးပြီး မြက်ခင်းမှာ တိရစ္ဆာန်အစာရရှိမှု၊ ထုတ်လုပ်မှုတိုးတက်လာနိုင်ပါသည်။

**အာဟာရတန်ဖိုး။** ဘောစကိုင်းသည် အရည်အသွေးမြင့် ပရိုတင်းအစာဖြစ်သည်။

အဓိကအချက်များမှာ ပရိုတင်း ၂၀–၃၀ ရာခိုင်နှုန်းအထိရှိနိုင်၊ အမိုင်နိုအက်စစ်များ ကြွယ်ဝပါသည်။ သတ္တုဓာတ်များ ပါဝင်ပါသည်။ အစာအိမ်ကြေပျက်လွယ်ဓာတ်ပါဝင်ပြီး Rumen အတွင်းရှိ မိုက်ခရိုအော်ဂဲနစ်များကို ကူညီကာ မြက်အရည်အသွေးကို ပိုမိုကောင်းမွန်စေရန် ချေဖျက်နိုင်စေသည့် ဓာတ်ပြုဖြစ်စဉ် ပါဝင်ပါသည်။

**ဘောစကိုင်းပင်၏အရေးပါမှု။** အသားထုတ်လုပ်မှုနှင့် နို့ထုတ်လုပ်မှုတိုးတက်စေခြင်း။ ဥပမာ – နို့ထုတ်လုပ်မှု တစ်ရက် ၄.၇ → ၇.၄ ကီလိုဂရမ် (kg) တိုးတက်နိုင်ပါသည်။

**ပရိုတင်းများစွာထုတ်နိုင်သော အပင်မျိုးဖြစ်ခြင်း။** အပူပိုင်းဒေသတွင် ပရိုတင်းချို့တဲ့မှုကို ဖြေရှင်းနိုင်ပါသည်။ ဈေးကြီးသော တိရစ္ဆာန်အစာနှ မလိုအပ်ဘဲ လျှော့နည်းနိုင်ပါသည်။

**မိုးခေါင်ဒဏ်ခံနိုင်ပြီး တစ်နှစ်လုံးအစာရနိုင်ခြင်း။** အမြစ် သုံး – ငါးမီတာ (ကိုး–၁၅ ပေ) အထိ နက်ရှိုင်းစွာ ဆင်းနိုင်ခြင်းကြောင့် မိုးခေါင်ရာသီတွင်ပင် အစာစိမ်း ထုတ်ပေးနိုင်ပါသည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုအတွက် အလွန်အရေးပါသော အပင်ဖြစ်ပါသည်။

**မြေဆီဓာတ် တိုးတက်စေခြင်း။** တစ်နှစ်လျှင် နိုက်ထရိုဂျင် ကီလို ၂၀၀ kg N/ha အထိ ထည့်ပေးနိုင်ပါသည်။ တွဲဖက်စိုက်ပျိုးသောမြက်များ ကြီးထွားမှု တိုးတက်စေပြီး ဓာတ်မြေဩဇာ အသုံးစရိတ် လျှော့နည်းနိုင်ပါသည်။

**ပတ်ဝန်းကျင် အကျိုးကျေးဇူးရရှိခြင်း။** ဤအပင်များ စိုက်ပျိုးခြင်းဖြင့် မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့နည်း (၂၀–၃၀%) ပါသည်။ ကာဗွန်တန်ဖိုး တိုးတက်လာပါသည်။ ရေရှည်တည်တံ့နိုင်သော မွေးမြူထုတ်လုပ်ရေးကို ထောက်ပံ့ပေးပါသည်။

### အားနည်းချက်၊ ကန့်သတ်ချက်များ

**မီမိုဆင်း၊ အန္တရာယ်ရှိသောဓာတ်။** မီမိုဆင်းဓာတ် အလွန်များလျှင် အဆိပ်ဖြစ်နိုင်ပါသည်။ တိရစ္ဆာန်များကို အဆိပ်မဖြစ်ဘဲ စားသောက်မှုပုံစံပြောင်းရန် လေ့ကျင့်မှု နှစ်–သုံးပတ် လိုအပ်ပါသည်။

**မြေဆီလိုအပ်ချက်။** ဤအပင်ကောင်းမွန်စွာဖြစ်ထွန်းရန် မြေဆီကောင်း၊ ရေစီးရေလာ ကောင်းမွန်ရန် လိုအပ်ပါသည်။ အက်စစ်ဆန် မြေချဉ်များတွင် မသင့်တော်ပါ။

**ရာသီဥတု။** အအေးဒဏ်၊ နှင်းခါးရိုက်မှုဒဏ်ကို မခံနိုင်ပါ။

### စာရေးသူ၏အတွေး

တောင်သူဦးကြီးများ၏ စိုက်ပျိုးမြေများတွင် လက်ရှိဓာတ်မြေဩဇာ ကြီးမြင့်နေမှုကို သဘာဝမြေဩဇာများ ထည့်သွင်းပေးရုံသာမက စိုက်ခင်းများတွင် ပဲမျိုးစုံသီးနှံများ၊ တိရစ္ဆာန်အစာ စားကျက်ပဲသီးနှံများ၊

**စာမျက်နှာ ၁၁ သို့** ❂

**❛တောင်သူဦးကြီးများ၏ စိုက်ပျိုးမြေများတွင် လက်ရှိဓာတ်မြေဩဇာ ကြီးမြင့်နေမှုကို သဘာဝမြေဩဇာများ ထည့်သွင်းပေးရုံသာမက စိုက်ခင်းများတွင် ပဲမျိုးစုံသီးနှံများ၊ တိရစ္ဆာန်အစာ စားကျက် ပဲသီးနှံများ၊ စားကျက်ပဲပင်ကြီးများ တိုးချဲ့ရောနှော စိုက်ပျိုးပေးခြင်းအားဖြင့် မြေဆီဩဇာနည်းပါးသွားမှုကို တစ်ဖက်တစ်လမ်းမှ ကာကွယ်ပေးနိုင်❜**

**ပဲမျိုးရင်းဝင်အပင်များ လေထဲမှနိုက်ထရိုဂျင်ဖမ်းယူပေးနိုင်မှု**

| အမှတ်စဉ် | သီးနှံ | တစ်နှစ်နိုက်ထရိုဂျင်ဖမ်းယူပေးနိုင်မှု (ကီလိုဂရမ်/ဟက်တာ) |
|---|---|---|
| ၁ | ဘောစကိုင်း | ၂၈၇ |
| ၂ | ကလိုဗာစားကျက်ပဲ | ၂၈၀ |
| ၃ | စတိုင်လိုစားကျက်ပဲ | ၁၂၄ |
| ၄ | လူဆန်စားကျက်ပဲ | ၅၆ |
| ၅ | ပဲပုပ် | ၄၀ |
| ၆ | ပဲလွမ်း | ၄၀ |

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွှန့်ဝင်းဆွေနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းတို့သည် ပါမောက္ခချုပ် (ဆေးရုံအုပ်ကြီး/ကုသရေး) ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးတို့နှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်သော နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲသို့ တက်ရောက်ပြီး သွေးလှူဒါန်းကြသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များကို တွေ့ဆုံအားပေးစကားပြောကြားကာ အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် အဖွဲ့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ပြန်လည်အဆင့်မြှင့်ပြင်ဆင်ထားသော အထူးကြပ်မတ်ကုသဌာန(ICU)နှင့် ပင်မဆေးကုသဆောင်ရှိ ထပ်မံတိုးချဲ့ထားရှိသော အရိုးနှင့် ထိခိုက်ဒဏ်ရာကုသဌာနတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်လူနာ/လူနာစောင့်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကာ ICU ထပ်မံတိုးချဲ့နိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သူနာပြုကြီးများအား တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက လက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုရရှိစေရေး၊ လူနာများ စောင့်ဆိုင်းရမှု အချိန်ကာလလျော့ကျစေရေး၊ လူနာပြုစုကုသမှုများ ပိုမိုစနစ်ကျစေရေး၊ ပြည်သူမှ စိုက်ထုတ်ကုန်ကျငွေ အတတ်နိုင်ဆုံးလျော့နည်းစေရေး၊ ကျန်းမာရေးဝန်ထမ်းများက ပြည်သူများနှင့် ရင်းနှီးနွေးထွေးစွာ ဆက်ဆံရေး၊ လူနာများအပေါ် ပိုမိုဂရုစိုက်စောင့်ရှောက်ရေး၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာ၍ တာဝန်ထမ်းဆောင်ရေး၊ သေဆုံးသူလူနာများထားရှိရာ (Mortuary) အဆောက်အအုံသစ်အား သတ်မှတ်အချိန်ကာလအတွင်း အချိန်မီပြီးစီးအောင် ကြိုးစားဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ညနေပိုင်းတွင် လှိုင်သာယာပြည်သူ့ဆေးရုံကြီးသို့ ကွင်းဆင်းစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက လူနာများ သက်သောင့်သက်သာကုသမှုခံယူနိုင်ရေး၊ ကုသမှုအရည်အသွေး ပိုမိုမြင့်မားစေရေး၊ ဆေးစတိုတွင် ဆေးဝါးများ စနစ်တကျထားရှိရေး၊ လူနာများအား စေတနာထားကုသပေးရေး၊အဆောက်အအုံနှင့်ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးဆောင်ရွက်ရန် မှာကြားသည်။

ထို့အတူ ယမန်နေ့ညနေပိုင်းက ပြည်ထောင်စုဝန်ကြီးသည် ကျန်းမာရေးဝန်ကြီးဌာန ဆေးဝါးနှင့် စက်ပစ္စည်းဝယ်ယူဖြန့်ဖြူးရေးမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ရောဂါပြင်းထန်မှုအလိုက် ဦးစားပေးကုသပေးနေမှု၊ အရေးပေါ်ဆေးကုသမှုဌာနများ၊ ဆေးနှင့် ဆက်စပ်ပစ္စည်းအသုံးပြုနေမှု၊ ဝန်ထမ်းအိမ်ရာများကိုကြည့်ရှုပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ကြီးတံခွန်မြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် မေ ၂

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ကွက် မန္တလာရာမကျောင်းတိုက်ရှိ ဓမ္မာရုံ၌အခြေပြု၍ သံဃာတော် အပါး ၆၀ နှင့် ဒေသခံပြည်သူ ၁၄၉ ဦးတို့ကို သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❂ စာမျက်နှာ ၁၀ မှ

စားကျက်ပဲပင်ကြီးများ တိုးချဲ့ရောနှော စိုက်ပျိုးပေးခြင်းအားဖြင့် မြေဆီသြဇာနည်းပါးသွားမှုကို တစ်ဖက်တစ်လမ်းမှ ကာကွယ်ပေးနိုင်ပါသည်။ ဓာတ်မြေသြဇာ အစားထိုးနည်းပညာတစ်ခု ဖြစ်ပါသည်။

ပဲမျိုးစုံသီးနှံများက တောင်သူကြီးများအတွက် အပိုဝင်ငွေရရှိနိုင်ပြီး စားကျက်ပဲပင်များက တောင်သူကြီးများ တွဲဖက်မွေးမြူထားသော ကျွဲ၊ နွား၊ သိုး၊ ဆိတ် စသည့် စားမြုံ့ပြန်တိရစ္ဆာန်များကို အသား၊ နို့ထွက်များ ပိုမိုတိုးပွားကာ ဝင်ငွေတိုးပွားစေပါသည်။

နိုင်ငံတကာတွင်တော့ စိုက်ပျိုးမွေးမြူထုတ်လုပ်ရေး သုတေသနလုပ်ငန်းများကို တက္ကသိုလ်များက ဦးဆောင်သုတေသနပြုနေကြပါသည်။ မြန်မာနိုင်ငံရှိ စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များအပါအဝင် တက္ကသိုလ်အားလုံးကလည်း သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေယခုထက် ပိုမိုတိုးမြှင့်သုံးစွဲ၍ မြန်မာနိုင်ငံ စီးပွားဖွံ့ဖြိုး တိုးတက်မှုကို တိုက်ရိုက် ဖြစ်ပေါ်စေနိုင်သော၊ နိုင်ငံခြားငွေ ရရှိနိုင်သော၊ နိုင်ငံခြားငွေကုန်ကျမှုကို လျော့နည်းစေသော အကျိုးပြုသုတေသနများကို ဦးစားပေးဆောင်ရွက်သင့်ပါပြီဟု အကြံပြုလိုပါသည်။



ဘောစကိုင်း အပင်၊ အရွက်နှင့် အသီးတောင့်။

**Reference:**


Bakewell–Stone, P. (2023) Leucaena Leucoce–phala. CABI. 37p.

Gutteridge, R.C. and Shelton, H.M. (1994). Tropical Tree Legumes. CAB International. 313p.

Shelton, M. (2006) Leucaena: The Productive and Sustainable Forage Legume. 2nd Ed. Meat and Livestock Australia. 93p.




လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာနေပြည်သူများအား အစိုးရသစ်၏ရက်(၁၀၀)စီမံချက်ဖြင့် ဧပြီ ၃၀ ရက်က အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းနှင့် UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ဇင်မင်းထိုက်(ထန်းတပင်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ယာယီနေရပ်စွန့်ခွာပြည်သူများနှင့် အခြေခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိ

**စစ်တွေ မေ ၂**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယာယီနေရပ်စွန့်ခွာပြည်သူများနှင့် အခြေခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ယနေ့နံနက်ပိုင်းက စစ်တွေမြို့ စစ်ကဲတော်မင်း ဘုန်းတော်ကြီးကျောင်းတိုက်၌ စစ်တွေမြို့ပေါ်ရှိ ယာယီနေရပ်စွန့်ခွာစုရပ်များတွင် နေထိုင်ကြသော ပြည်သူများနှင့်တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးက ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ဆန်ရိက္ခာများ တိုးမြှင့်ပေးအပ်နိုင်ရေး စီစဉ်ထားရှိပြီးဖြစ်ကြောင်း၊ မြို့နေပြည်သူများအေးအေးချမ်းချမ်းဖြင့် လုပ်ကိုင်နေထိုင်စားသောက်နိုင်ရေး အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့၏ ရိုးသားသော အစဉ်အလာများနှင့် ဂုဏ်သိက္ခာကို ထိန်းသိမ်းကာ လက်ရှိဖြစ်ပေါ်နေသော အခက်အခဲများကို တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်း၍ ရိုးရိုးသားသားဖြင့် ကျော်လွှားနိုင်အောင် နေထိုင်သွားကြစေလိုကြောင်း၊ ယာယီနေရပ်စွန့်ခွာစခန်းများတွင် နေထိုင်ကြသော ကလေးငယ်များ စာသင်ခန်းသို့ ရောက်ရှိကာ ပညာသင်ကြားနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကလေးငယ်များ၏ ပညာရေးမြင့်မားရေးအတွက် မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ အခြေခံပညာအလယ်တန်းအဆင့်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာရပ်များ သင်ကြားပေးနိုင်ရေး၊ KG+9 အခမဲ့ပညာရေးစနစ်ကို နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယာယီနေရပ်စွန့်ခွာပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များကို စာနာစိတ်ဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။




ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာပြည်သူများကို ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်ချီးမြှင့်ရာ ယာယီနေရပ်စွန့်ခွာ ပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ယာယီနေရပ်စွန့်ခွာ စုရပ်များတွင် နေထိုင်ကြသူများ စုရပ်များအတွင်း လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးကာ ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် စစ်တွေမျိုးသန့်ခြံ၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ပိုက်ဆံလျှော်(သစ်စိမ်းမြေသြဇာ) စုပေါင်းကြဲပက်ခြင်းကွင်းပြပွဲ၊ သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲနည်း လက်တွေ့သရုပ်ပြခြင်းနှင့် တောင်သူများသို့ ပိုက်ဆံလျှော်မျိုးစေ့ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက စစ်တွေမျိုးသန့်ခြံတွင် မြေယာပြုပြင်မှုလုပ်ငန်းများနှင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်မည့် အစီအစဉ်ကို ရှင်းလင်းတင်ပြပြီး သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲနည်း လက်တွေ့သရုပ်ပြခြင်းနှင့် ပိုက်ဆံလျှော်မျိုးစေ့ စုပေါင်းကြဲပက်ခြင်းကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် စစ်တွေမြို့နယ် မှန်စီကျေးရွာသွားလမ်းပေါ်တွင် တံတားလုပ်ငန်းဆောင်ရွက်မည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

# ဘားအံမြို့၌ အမှန်တကယ်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏ (အခွန်လွတ်)တောင်သူလယ်သမားဈေး ဖွင့်လှစ်ရောင်းချ

**ဘားအံ မေ ၂**

ကရင်ပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးကဏ္ဍစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ယင်းတို့ကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ၎င်းထုတ်ကုန်များကို သက်သာသောနှုန်းထားများဖြင့် စားသုံးသူလက်ဝယ်သို့ တိုက်ရိုက်ရောက်ရှိစေရေးအတွက် ယနေ့နံနက်ပိုင်းက ဘားအံမြို့ သီရိကွင်း၌ အမှန်တကယ်စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများ၏ (အခွန်လွတ်)တောင်သူလယ်သမားဈေးကို ဖွင့်လှစ်ရောင်းချသည်။



အဆိုပါ တောင်သူလယ်သမားဈေးတွင် သန့်ရှင်းလတ်ဆတ်၍ အာဟာရပြည့်ဝသော ကြက်၊ ဝက်၊ ဆိတ်၊ အမဲသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နွားနို့၊ ဒိန်ချဉ်၊ ပျားရည် အစရှိသော ဒေသထွက်မွေးမြူရေးထုတ်ကုန် အရောင်းဆိုင်ခန်းများ၊ ကန်စွန်းရွက်၊ မှို၊ မုန်လာဥ၊ ပဲတောင့်ရှည်၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ချဉ်ပေါင်၊ ဘူးသီး၊ အာလူး၊ ဖရုံသီး အစရှိသော ဒေသထွက် ဟင်းသီးဟင်းရွက် (စားဖိုဆောင်သီးနှံ)အရောင်းဆိုင်ခန်းများ၊ ကရင်ပြည်နယ် ဆန်ကုန်သည်ကြီးများအသင်းနှင့် ဆီကုန်သည်ကြီးများအသင်းတို့၏ ပြင်ပပေါက်ဈေးထက် သက်သာသော ဆန်အမျိုးမျိုး၊ စားသုံးဆီ၊ မြေပဲဆီ အရောင်းဆိုင်ခန်းများ စုစုပေါင်း အရောင်းဆိုင်ခန်းပေါင်း ၃၀ ကျော်ဖြင့် အရည်အသွေးပြည့်ဝ၍ ဘေးဥပဒ်ကင်းရှင်းသော စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို အများပြည်သူထံ တိုက်ရိုက်ရောင်းချခြင်းဖြစ်သည့်အတွက် ကုန်ဈေးနှုန်း တည်ငြိမ်လျော့နည်းကျဆင်းစေကာ ဒေသခံစိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများနှင့် စားသုံးသူများအတွက်ပါ အကျိုးရှိစေမည်ဖြစ်သည်။

**မှာကြား**

ထိုသို့ တောင်သူလယ်သမားဈေးတွင် အမှန်တကယ်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများက အများပြည်သူသို့ သက်သာသော နှုန်းထားဖြင့် တိုက်ရိုက်ရောင်းချပေးနေမှုအခြေအနေများကို ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစန်းကို၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး အဆိုပါ တောင်သူလယ်သမားဈေးကိုလစဉ် ပထမအပတ်၏ စနေနေ့တွင် ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကာ ပြည်နယ်ဝန်ကြီးချုပ်က နောက်လာမည့် အပတ်တွင် ဈေးဆိုင်ခန်းများ ပိုမိုတိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့် ရောင်းချမည့်ကုန်ပစ္စည်းအရေအတွက် ပိုမိုတိုးတက်ရောင်းချနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဘားအံတက္ကသိုလ် အင်ကြင်းဆောင်ရှေ့၌ နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်းကျောင်းသားကျောင်းသူ မျိုးဆက်သစ်လူငယ်များ အသိပညာဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာကျွမ်းကျင်သည့် အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်က ကြီးမှူးဖွင့်လှစ်သော ဘားအံရေကြောင်းလူငယ်စခန်း၏ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းစစ်ရေးပြလေ့ကျင့်ခြင်းကို သွားရောက် ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ရေကြောင်း လူငယ်အခြေခံနှင့် တန်းမြင့် သင်တန်းသား၊ သင်တန်းသူများ အတွက် အားကစားပစ္စည်းများကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပန်းတနော်မြို့နယ်၌ မြို့နယ်အဆင့် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်အခမ်းအနား ကျင်းပ

**ပန်းတနော် မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ မြို့နယ်အဆင့် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၆) အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၃၀ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဇော်ထွန်းက ကာကွယ်ဆေးများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၆) အထိမ်းအမှတ် “မျိုးဆက်တိုင်းကို ကာကွယ်ထား၊ ကာကွယ်ဆေး၏ စွမ်းပကား”တေးသီချင်းဗီဒီယိုကို ပြသခဲ့ကြောင်း သိရသည်။

ယင်းနောက် တာဝန်ရှိသူများက တက်ရောက်လာကြသည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပင်တဂွန်စစ်ဌာနချုပ်က ဂျာမနီနိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀၀ ခန့်ကို ပြန်လည်ခေါ်ယူရန် စီစဉ်




ဂျာမနီနိုင်ငံရှိ Ramstein လေတပ်စခန်းကို တွေ့ရစဉ်။

**ဝါရှင်တန် မေ ၂**

ပင်တဂွန်စစ်ဌာနချုပ်က ဂျာမနီနိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀၀ ခန့်ကို ပြန်လည်ခေါ်ယူရန် စီစဉ်နေကြောင်း အကြီးတန်းကာကွယ်ရေးအရာရှိ တစ်ဦးက ယမန်နေ့တွင် ပြောကြားခဲ့သည်။

ယခုသီတင်းပတ် အစောပိုင်းတွင် ဂျာမနီ အဓိပတိ ဖရက်ဒရစ်ချ် မာ့ဇ်က အီရန်နိုင်ငံအပေါ် အမေရိကန်၏ စစ်ဆင်ရေးဆင်နွှဲမှုကို ဝေဖန်ခဲ့သည်။

အဆိုပါ ဝေဖန်မှုအပေါ် သမ္မတ ထရမ့်က မာ့ဇ် အနေဖြင့် အီရန်၏ နျူကလီးယားရည်မှန်းချက်ကို လျစ်လျူရှုနေကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

စပိန်နှင့် အီတလီနိုင်ငံတို့တွင်လည်း အမေရိကန်၏ စစ်အင်အားကို လျှော့ချနိုင်ကြောင်း သမ္မတ ထရမ့်က ပြောကြားခဲ့သည်။

အီရန်အရေးတွင် အီတလီနှင့်စပိန်တို့က စစ်ရေးအရ မည်သည့်ကူညီထောက်ပံ့မှုမျှ မပေးခဲ့သည့်အတွက် ဥရောပမဟာမိတ်များကို ထပ်မံပြစ်တင်ရှုတ်ချကြောင်း သမ္မတ ထရမ့်က ပြောကြားခဲ့သည်။

ဂျာမနီသည် နိုင်ငံအတွင်းရှိ အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက် လျှော့ချနိုင်ရေးအတွက် ပြင်ဆင်ထားကြောင်းလည်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဂျိုဟန် ဝါဒီဖူးလ်က ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ်ကုန်ပိုင်းအထိ ဂျာမနီနိုင်ငံတစ်ဝန်းရှိ အခြေစိုက်စခန်းများတွင် အမေရိကန်တပ်ဖွဲ့ဝင် ၃၆၀၀၀ ကျော်၊ အရန်တပ်ဖွဲ့ဝင် ၁၅၀၀ နီးပါးနှင့် အရပ်သား ၁၁၅၀၀ နီးပါးရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ဂျာမနီနိုင်ငံသည် US European Command နှင့် U.S. Africa Command ဌာနချုပ်တို့ကိုလည်း လက်ခံထားရှိပြီး Ramstein လေတပ်စခန်းသည် အမေရိကန်တပ်မတော်၏ စစ်ဆင်ရေးအတွက် အဓိကအချက်အချာကျသော နေရာတစ်ခုလည်းဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အမေရိကန်လေယာဉ်တင်သင်္ဘော USS Gerald R. Ford အရှေ့အလယ်ပိုင်းမှ ပြန်လည်ထွက်ခွာ



**ရီယာ့ဒ် မေ ၂**

အမေရိကန် လေယာဉ်တင်သင်္ဘော USS Gerald R. Ford သည် အီရန်နိုင်ငံအပေါ် စစ်ဆင်ရေးတွင် ပါဝင်ဆောင်ရွက်ပြီးနောက် အရှေ့အလယ်ပိုင်းမှ ပြန်လည်ထွက်ခွာခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ပြည်တွင်းမီဒီယာများက ယမန်နေ့တွင် သတင်းဖော်ပြခဲ့သည်။

အဆိုပါ သင်္ဘောထွက်ခွာသွားသည့်အတွက် အရှေ့အလယ်ပိုင်းဒေသ၌ အမေရိကန်လေယာဉ်တင်သင်္ဘော နှစ်စင်းဖြစ်သည့် USS Abraham Lincoln နှင့် USS George H.W. တို့သာ ကျန်ရှိနေခဲ့ကြောင်း သိရသည်။

လေယာဉ်တင်သင်္ဘော USS Gerald R. Ford သည် ပင်လယ်ပြင်တွင် ၁၀ လကျော်ကြာ တာဝန်ထမ်းဆောင်ခဲ့သည့် အတွက် အမေရိကန် လေယာဉ်တင်သင်္ဘော ဖြန့်ကြက်မှုသမိုင်းတွင် ဗီယက်နမ်စစ်ပွဲနောက်ပိုင်း စံချိန်တင်ခဲ့သည်။

မတ် ၁၂ ရက်တွင် လေယာဉ်တင်သင်္ဘော USS Gerald R. Ford ပေါ်ရှိ အဝတ်အစား လျှော်ဖွပ်သည့်နေရာ၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ သင်္ဘောသားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်ရေတပ်က ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဘရာဇီးနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကလေးနှစ်ဦးအပါအဝင် လေးဦး သေဆုံး

**ဆော်ပေါ်လို မေ ၂**

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း ပါနမ်ဘူကိုပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကလေးနှစ်ဦးအပါအဝင် လေးဦး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ယမန်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါ မိုးရွာသွန်းမှုကြောင့် ငါးဦးဒဏ်ရာရရှိခဲ့ပြီး ပြည်သူ ၁၅၀၀ ခန့်ကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းခဲ့ကြောင်း ပါနမ်ဘူကို ပြည်နယ် အရပ်ဘက်ကာကွယ်ရေး အေဂျင်စီက ပြောကြားခဲ့သည်။

ပြည်နယ်မြို့တော် ရီဆစ်ဖ်၏ Dois Unidos ရပ်ကွက်၌ တောင်ကုန်းတစ်ခုပြိုကျခဲ့ရာ အမျိုးသမီးတစ်ဦးနှင့် ၎င်း၏ခြောက်နှစ်အရွယ်ကလေးငယ်တစ်ဦး သေဆုံးခဲ့ကြောင်း အရေးပေါ်ဆေးဘက်ဆိုင်ရာတာဝန်ရှိသူများက အတည်ပြု ပြောကြားခဲ့သည်။

Alto da Bondade ရပ်ကွက်တွင် မြေပြိုမှုကြောင့် အသက် ၂၀ အရွယ် အမျိုးသမီးတစ်ဦးနှင့် ၎င်း၏ခြောက်လသား ကလေးငယ်တို့ သေဆုံးခဲ့သည်။ အခြား ငါးဦးကို ကယ်တင်နိုင်ခဲ့သည်။



အလားတူ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရီဆစ်ဖ် မြို့တော်ဧရိယာနှင့် ကုန်းတွင်းမြူနီစီပယ်များရှိ အခြားနေရာများတွင်လည်း ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

ပါနမ်ဘူကိုပြည်နယ်၌ မွေးဖွားခဲ့သည့် သမ္မတ လူလာဒါဆေးဗားက ဖက်ဒရယ်အစိုးရအနေဖြင့် ရွှေ့ပြောင်းဆေးရုံများတည်ထောင်ရန်နှင့် ထိခိုက်ခံစားရသော မိသားစုများအတွက် ငွေကြေးအထောက်အပံ့ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ရီဆစ်ဖ်၏ နိုင်ငံတကာလေဆိပ်တွင် လေကြောင်းပြေးဆွဲမှုကို ငါးနာရီကျော်ကြာ ရပ်ဆိုင်းခဲ့ရသည်။ ရွှေ့ပြောင်းနေထိုင်သူများကို အစိုးရကျောင်းများတွင် ယာယီထားရှိကြောင်း ပြည်နယ်ရေနှင့် ရာသီဥတုအေဂျင်စီက ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အမေရိကန်နှင့် ဗြိတိန်အကြား ကုန်သွယ်မှုပမာဏ သိသိသာသာ လျော့ကျ

**လန်ဒန် မေ ၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အခွန်ကောက်ခံမှု စည်းမျဉ်းများကြောင့် အမေရိကန်နှင့် ဗြိတိန်အကြား ကုန်သွယ်မှုပမာဏသည် သိသိသာသာ လျော့ကျခဲ့ကြောင်း ဗြိတိန်အမျိုးသားစာရင်းအင်းရုံး (ONS) ၏ အချက်အလက်များအရ သိရသည်။

၂၀၂၅ ခုနှစ် ဧပြီလတွင် အဖိုးတန်သတ္တုများမပါဝင်ဘဲ ဗြိတိန်မှ အမေရိကန်သို့ ကုန်ပစ္စည်းတင်ပို့မှုသည် ၁ ဒသမ ၅ ဘီလီယံပေါင် (အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၃ ဘီလီယံ) ၂၄ ဒသမ ၇ ရာခိုင်နှုန်းအထိ လျော့ကျခဲ့ကြောင်း သိရသည်။

အထူးသဖြင့် အမေရိကန်နိုင်ငံသို့ မော်တော်ကားတင်ပို့မှုမှာ အခွန်စည်းကြပ်မှု စတင်ချိန်မှစ၍ ကျဆင်းသွားခဲ့သည်။

ပြီးခဲ့သည့် ဒီဇင်ဘာလမှစပြီး ဗြိတိန်နိုင်ငံက အမေရိကန်နှင့် ကုန်သွယ်မှုလိုငွေ သုံးလကျော်ရှိခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ဗြိတိန်၏ အကြီးဆုံး ကုန်ပစ္စည်းတင်ပို့သည့်နိုင်ငံဖြစ်ပြီး ကုန်ပစ္စည်းတင်သွင်းမှုတွင် တတိယအကြီးဆုံး မိတ်ဖက်နိုင်ငံလည်း ဖြစ်သည်။

၂၀၂၅ ခုနှစ် ဧပြီလမှစပြီး ဗြိတိန်မှတင်သွင်းသည့် ကုန်ပစ္စည်းအများစုအပေါ် အကောက်ခွန် ၁၀ ရာခိုင်နှုန်းအပါအဝင် ကုန်ပစ္စည်းတင်သွင်းမှုအပေါ် အခွန်စည်းကြပ်မှုများကို စတင်ကောက်ခံခဲ့သည်။

၂၀၂၅ ခုနှစ် မေလတွင် အမေရိကန်သို့ ဗြိတိန် ကားတင်ပို့မှုအပေါ် အခွန်လျှော့ချခြင်းနှင့် သံမဏိနှင့် အလူမီနီယံ တင်ပို့မှုအပေါ် စည်းကြပ်ခွန်များ ဖယ်ရှားခြင်းပါဝင်သည့် သဘောတူညီမှုတစ်ရပ်ကို ရရှိခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# သီရိလင်္ကာနိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ခံစားရသူ ၂၅၀၈၂ ဦးရှိ

**ကိုလံဘို မေ ၂**

သီရိလင်္ကာနိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါခံစားရသူ ၂၅၀၈၂ ဦးရှိကြောင်း အမျိုးသားသွေးလွန်တုပ်ကွေးထိန်းချုပ်ရေးဌာနမှ အကြီးတန်းကျန်းမာရေးကျွမ်းကျင်သူတစ်ဦးက ယနေ့ပြောကြားခဲ့သည်။ ကိုလံဘို၊ ဂမ်ပါဟာ၊ မာတာရာ၊ ဂေါလီ၊ ရတ်နာပူရာနှင့် ကာလူတာရာ ခရိုင်တို့၌ ရောဂါဖြစ်ပွားသည့်အရေအတွက် အများဆုံးဖြစ်သည်။

ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၁၂ ဦးအထိ ရှိလာပြီဖြစ်သည်။ အဖျားဝေဒနာကို နှစ်ရက်ထက်ပိုပြီး ခံစားနေရပါက ချက်ချင်းဆေးကုသမှုခံယူရန် ပြည်သူများအား ကျန်းမာရေးအာဏာပိုင်များက တိုက်တွန်းပြောကြားသည်။ ရောဂါကူးစက်ခြင်း ရှိ၊ မရှိ စေ့စေ့စပ်စပ် စစ်ဆေးမှုပြုလုပ်ရန် လိုအပ်ကြောင်းလည်း ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါခံစားရသူပေါင်း ၅၁၀၀၀ ကျော် ရှိခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# ၂၀၂၆ ခုနှစ် မေလ ၁ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car- (AQMS Mobile Car)၊ Compact Air Quality Monitoring Station- (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန်အရွယ်ရှိသောအမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသောအမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# အိမ်ခြံမြေအကျိုးဆောင်များ၏ တာဝန်ဝတ္တရားများနှင့် သတင်းပို့မှုစနစ်များကို အသိပညာမျှဝေခြင်းနှင့် FATF သင်တန်းဖွင့်

**ရန်ကုန် မေ ၂**

ဥက္ကဋ္ဌ ဦးခင်မောင်သန်း ဦးဆောင်သော မြန်မာနိုင်ငံ အိမ်ခြံမြေ ဝန်ဆောင်မှုအသင်း (ဗဟို)(MRESA) က ကြီးမှူးကျင်းပသော AML /CFT ဆိုင်ရာ အိမ်ခြံမြေအကျိုးဆောင်များ၏ တာဝန်နှင့် ဝတ္တရားများ၊ သတင်းပို့နည်းစနစ်များ၊ သက်ဆိုင်ရာကြီးကြပ်ရေးအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ AML CFT ဆိုင်ရာ လိုက်နာမှုများ၊ Multiplier Training "FATF" Global Standards, Methodology and Procedures နှင့် ပတ်သက်၍ ထပ်ဆင့်အသိပညာမြှင့်တင်ရေး ဆင့်ပွားသင်တန်းကို မေ ၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်း



ရှိSky Star ဟိုတယ်၌ ကျင်းပသည်။

အဆိုပါသင်တန်းသို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဒေါက်တာနန္ဒကျော်စွာ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ MRESA (ဗဟို) အသင်း ဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှု အသင်း(YRESA)ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် သင်တန်းသား ၁၅၆၁ ဦး၊ အွန်လိုင်းမှ သင်တန်းသား ၆၅၀ တက်ရောက်ကြသည်။

ဦးစွာ MRESA အသင်းဗဟို ဥက္ကဋ္ဌ ဦးခင်မောင်သန်းက အမှာစကားပြောကြားပြီး ထိုင်းနိုင်ငံ (TREBA)အသင်းမှ President Mr.Prawitt Anusiri က ထိုင်းနိုင်ငံ အိမ်ခြံမြေအကျိုးဆောင်များ AML/CFT ဆိုင်ရာ လိုက်နာကျင့်သုံးမှုများကို အွန်လိုင်းမှ ဗီဒီယိုဆလိုက်များဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဗဟိုဒုတိယဥက္ကဋ္ဌ (၃) ဦးကျော်တင့်က Multiplier Training "FATF" Global Standards, Methodology and Procedure နှင့်ပတ်သက်၍ အတွေ့အကြုံ ဗဟုသုတများကို ဆွေးနွေးသည်။ ဆက်လက်၍ ရန်ကုန်တိုင်း အိမ်ခြံမြေဝန်ဆောင်မှုအသင်းဥက္ကဋ္ဌ ဒေါ်မြတ်မိုမိုက ၂၀၂၀ -၂၀၂၆ ခုနှစ် ကာလအတွင်း မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို)မူလမှ AML/CFT ဆွေးနွေးအကြံပြုချက်များ၊ FIU အဖွဲ့၏ ချမှတ်ထားသော လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ပူးပေါင်း ဆောင်ရွက်ထားသည့် Action Plan များနှင့် Progress Report များကို ဆွေးနွေးသည်။

ထို့နောက် မြို့နယ်အိမ်ခြံမြေအသင်းဥက္ကဋ္ဌ လေးဦးက CDD, EDD ဆိုင်ရာကိစ္စများ၊ မိမိတို့တာဝန်ယူထားရသော မြို့နယ်အသင်းများ၏ သုံးလပတ်အစီရင်ခံစာများအကြောင်းနှင့် သတင်းပို့နည်းစနစ်များအကြောင်းတို့ကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **DMMM**

# မရမ်းကုန်းမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**ရန်ကုန် မေ ၂**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) စီမံချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းနှင့် Biometric ကောက်ယူကာ UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် ကလေးဝတောရကျောင်း၌ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မရမ်းကုန်းမြို့နယ် ဦးစီးမှူး ဦးသန့်ဇင် ဦးဆောင်မှုဖြင့် ဝန်ထမ်းများပါဝင်သောအဖွဲ့က အသက်(၁၈)နှစ်ပြည့်ပြီးသူ ရပ်ကွက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် Biometric ကောက်ယူ၍ UID ကတ်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။



အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာနေရာသို့ မရမ်းကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထွဋ်အောင်နှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**

# ကော့မှူးမြို့နယ်အတွင်းရှိ ကျေးလက်လမ်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ကော့မှူး မေ ၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် (၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်သည့် ကော့မှူးမြို့နယ်အတွင်းရှိ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင်တာဝန်ရှိသူများက အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလတွင် ပြီးစီးနိုင်ရေးနှင့် လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **ကျော်သူရ (ကော့မှူး)**



# ကန်ကြီးထောင့်မြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**ကန်ကြီးထောင့် မေ ၂**

ဧရာဝတီတိုင်း ဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဧပြီ ၂၉ ရက် နံနက်ပိုင်းက သာယာကုန်းတွင် ကျင်းပသည်။



အဆိုပါ ဟောပြောပွဲတွင် မြို့နယ် သစ်တောဦးစီးဌာန (တာဝန်ခံ) တောအုပ် ဦးလှမင်း၊ တောခေါင်း ဦးဇင်ဘိုဋ္ဌေးနှင့် ရာအိမ်မှူး ဦးထွေးလှိုင်တို့က သစ်တောကာကွယ်ခြင်းသည် မိမိတို့၏ ကျေးရွာအား ကာကွယ်ခြင်းဖြစ်သည့်အတွက် တောမီးမဖြစ်ပွားစေရေး၊ သစ်တောထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ သစ်ခုတ်ခြင်းများ မပြုလုပ်ကြရန်၊ မြူခိုးလျှော့ချခြင်းနှင့်ပတ်သက်၍ အမှိုက်များကို မီးမရှို့ဘဲ စနစ်တကျစွန့်ပစ်ကြရန်၊ လယ်ယာမြေ မီးရှို့ခြင်းများကို လျှော့ချရန် စသည့်အကြောင်းအရာများကို ဒေသခံပြည်သူများအား အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု**

# ကမ္ဘာကြီးငြိမ်းချမ်းသာယာရေးအတွက် ဆုတောင်း



**ရန်ကုန် မေ ၂**

မြန်မာနိုင်ငံ ခရစ်ယာန်ဂိုဏ်းပေါင်းစုံငြိမ်းချမ်းရေး အထောက်အကူပြုဗဟိုကော်မတီကကြီးမှူး၍ ဒုတိယအကြိမ်မြောက် အမိမြန်မာနိုင်ငံတော်နှင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာရေး ဆုတောင်းခြင်း အခမ်းအနားကို ယနေ့နံနက် ၁ဝနာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်း ထောင့်ရှိ Holy Trinity Cathedral ဘုရားကျောင်း၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဝင်(ငြိမ်း) ဝဏ္ဏကျော်ထင်ဦးစောဗယ်လင်တိုင်းက အဖွင့်ဆုတောင်းပြီး ဧည့်ပရိသတ်များက ဓမ္မသီချင်းဖြစ်သည့် "အိုသာယာသော မြန်မာပြည်တော်" သီချင်းကို သီဆိုကာ ဗဟိုကော်မတီနာယကသီရိပျံ့ချီ ဒေါက်တာစောထွန်းအောင်မြင့်က ငြိမ်းချမ်းရေးမင်္ဂလာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များ ကောင်စီသာသနာပိုင်ချုပ် စတီဗင်သန်းမြင့်ဦးက ဓမ္မဒေသနာများဟောကြားပြီး ငြိမ်းချမ်းရေးဆုတောင်းခြင်းနှင့် ခရစ်ယာန်အသင်းတော်လူငယ်များက ဂုဏ်တော်ချီးမွမ်းကာ မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ်မှ ဘီရှော့နိုအယ်စောနော်အေးက ကောင်းချီးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပေါင်မြို့နယ်၌ ပြည်သူများအား သောက်သုံးရေလှူဒါန်း

**ပေါင် မေ ၂**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ နှစ်(၈ဝ)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သောက်သုံးရေ အခက်အခဲဖြစ်လျက်ရှိသည့် ပြည်သူများအား ယနေ့နံနက်ပိုင်းက သောက်သုံးရေ လှူဒါန်းမှုပြုလုပ်ခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးလှိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြတ်ကိုကိုနှင့် သန္ဓေ၊ အရန်တပ်ဖွဲ့ဝင်တို့က သောက်သုံးရေများ(အခမဲ့) လှူဒါန်းပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် သောက်ရေရှားပါးသော ပေါင်မြို့နယ် ဒရိန်းကျေးရွာအုပ်စု၊ ကျားဘိုကျေးရွာအုပ်စု၊ အလုပ်ကျေးရွာအုပ်စုများသို့ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်ငါးစီး စုစုပေါင်း ရေဂါလန် ၇၆ဝဝ အား ကျေးရွာရှိ နေအိမ်များသို့ အိမ်တိုင်ရာရောက် သောက်သုံးရေများ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

## မြဝတီမြို့၌ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားကျင်းပ



**မြဝတီ မေ ၂**

ကရင်ပြည်နယ် မြဝတီမြို့၌ (၈၈)ကြိမ်မြောက် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားကို မေ ၁ ရက်က မြဝတီမြို့ ကုန်တင်ကုန်ချကော်မတီရုံး၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ ပေးပို့သော ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ သဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်က ဖတ်ကြားသည်။

ထို့နောက် မြဝတီမြို့နယ်ကုန်တင်ကုန်ချ ကော်မတီရုံးမှ ဦးစီးအရာရှိ ဦးနိုင်စိုးက အခမ်းအနား ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ဂုဏ်ပြုရခြင်းကို ပြောကြားပြီး မြဝတီမြို့နယ် ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်က ထပ်ဆင့်ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ ဘားအံ၊ ကော့ကရိတ်၊ မြဝတီ မြို့နယ်တို့ရှိ ကုန်တင်ကုန်ချကော်မတီရုံးများမှ ကာယ၊ ဉာဏ ပြည်သူ့ဝန်ထမ်း လုပ်သားကြီးများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်နှင့် အဖွဲ့ဝင်(၁)ဗိုလ်မှူးညီညီလွင်နှင့်၊ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကာယ၊ ဉာဏ လုပ်အားထူးချွန်ဆုကို ချီးမြှင့်ပေးခဲ့ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

## ကွမ်းခြံကုန်းမြို့နယ်၌ မူခင်းအသိပညာပေးဟောပြော



**ကွမ်းခြံကုန်း မေ ၂**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်ရဲတပ်ဖွဲ့က ရက်(၁ဝဝ) စီမံချက်ဖြင့် မူခင်းအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက တောကျောင်းကျေးရွာ အရှေ့ကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ကွမ်းခြံကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းနိုင်က မူခင်းအသိပညာပေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**



## ကြာအင်းဆိပ်ကြီးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်

**ကြာအင်းဆိပ်ကြီး မေ ၂**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ အမက(၁)၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး ဦးစီးမှူး ဦးမျိုးဝင်းကြိုင်နှင့် ဝန်ထမ်းများက ရပ်ကွက်(၄)အတွင်းရှိ ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ် ရေးကတ်များ အသစ်ပြုလုပ်ပေးခြင်း၊ ပျောက်ဆုံး/ပျက်စီးမှုရှိပါက မိတ္တူပြုလုပ်ပေးခြင်း၊ အသက်(၁ဝ)နှစ်နှင့် အထက် မှတ်ပုံတင်အသစ်ပြုလုပ်ပေးခြင်း၊ အသက်(၁၈)နှစ်ပြည့် လဲလှယ်ခြင်းတို့ကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ပေးသည်။

အဆိုပါဆောင်ရွက်ပေးနေမှုများကို ကြာအင်းဆိပ်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟန်လင်းထွန်း၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးမျိုးကျော်သူတို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဒလမြို့နယ်၌ ကျေးလက်လမ်း၊ တံတားလုပ်ငန်းဆောင်ရွက်နေမှုများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



**ဒလ မေ ၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အစိုးရသစ်၏ ရက်(၁ဝဝ) စီမံချက်ဖြင့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဆောင်ရွက်နေမှုကို လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးနှင့် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်းသိရသည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**

**နှစ်(၈ဝ) ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းရှိ အထက(မြို့မ)၊ အထက(မေဃဝတီ)၊ အထက(ဒါးပိန်)၊ အထက(ဖောင်ကြီး)စသည့် အခြေခံပညာအထက်တန်းကျောင်းများတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် သောက်သုံးရေကန်ဆယ်တင်သန့်ရှင်းရေးဆောင်ရွက်ခြင်းကို မေ ၂ ရက်က ဆောင်ရွက်စဉ်။**

အိဖြွေစင်လတ်(ပြန်/ဆက်)



# ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် မေ ၂

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် (၁၄)ရပ်ကွက်တွင် တည်ထားကိုးကွယ်တော်မူသော မိုးကောင်းဆုတောင်းပြည့်စေတီတော်



မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲကို စေတီတော်ပုရိဝုဏ်အတွင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး မိုးကောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်များက အနေကဇာတင်တော်မူကြသည်။

ထို့နောက် ရွှေစင်၊ ရွှေသား၊ ရွှေသင်္ကန်းတော် ကပ်လှူကြသော အလှူရှင်များ၏ အမည်စာရင်းကို ကြေညာသည်။

ဆက်လက်၍ အလှူရှင်များက တစ်ကျပ်သားရွှေစင်၊ ရွှေသား၊ ရွှေသင်္ကန်းတော် ၂၇ ချပ်ကို စေတီတော်ငှက်ပျောဖူး၌ ကပ်လှူပူဇော်ကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို အောင်မြင်စွာ ပိတ်သိမ်းသည်။

အခမ်းအနားသို့ ရန်ကင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ်၊ မြို့နယ်သာသနာရေးမှူး ဦးဇော်ဝင်းအောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မိုးအောင်(ခ)နေရှိုင်း၊ မိုးကောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးချိုလေးနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြကြောင်း သိရသည်။

ကောင်းဆက်

# နှစ်(၈၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်



မင်းတုန်း မေ ၂

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းက ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မင်းတုန်းမြို့ အမှတ်(၂)ရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် ဘုရားကြီးသုံးဆူ၌ မီးသတ်ယာဉ်တစ်စီးဖြင့် ဘုရားစေတီများ ရေသပ္ပာယ်ခြင်း၊ ရင်ပြင်တော်သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် အမှိုက်များရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ချင်းကလေး(NRDC)

# ကျုံပျော်မြို့နယ်၌ ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲ ကျင်းပ

ကျုံပျော် မေ ၂

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၏ ညောင်ရေသွန်းပွဲကို မြဝတီရပ်ကွက် မြတ်ချမ်းသာဘုရားဝင်းအတွင်းရှိ မဟာဗောဓိညောင်ပင်၌ ဧပြီ ၃၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တက်ရောက်လာသူများက မဟာဗောဓိညောင်ပင်အား မဟာဗောဓိရုက္ခသိဋ္ဌနပူဇာဂါထာတော်ဖြင့် ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်



များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးဝတ်ရွတ်အဖွဲ့များက မဟာဗောဓိညောင်ပင်အား ရေစင်များ စုပေါင်းသွန်းလောင်းပူဇော်ခဲ့ကြကြောင်း သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)

# တံတားဦးမြို့နယ်၌ အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ရပ်ကွက်၊ ကျေးရွာများအရောက် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

တံတားဦး မေ ၂

မန္တလေးတိုင်း ဒေသကြီး တံတားဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် ရပ်ကွက်၊ ကျေးရွာများအရောက် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ခြင်းကို ဧပြီ ၂၈ ရက်က တံတားဦးမြို့နယ် ဟံသာဝတီကျေးရွာသို့ ပြည်သူများလက်ဝယ်အရောက် ကွင်းဆင်းဆောင်ရွက်




ပေးသည်။

**ကွင်းဆင်းဆောင်ရွက်**

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာသို့ တံတားဦးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးမျိုးသန့်၊ မြို့နယ်ဦးစီးဌာနမှူး ဦးမြင့်မိုးနှင့် ဝန်ထမ်းများက အသက်(၁၀)နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများ၊ အသက်(၁၈) နှစ်နှင့်အထက် ပြည်သူများ၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ စုစုပေါင်းပြည်သူ ၁၁ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ၄၃ ကတ်တို့ကို ပြည်သူများ လက်ဝယ်အရောက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**❖ အာရှဖလားမှ**

ထိုင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသော်လည်း နောက်ဆုံးပွဲတွင် ဖိလစ်ပိုင်ကို မထင်မှတ်ဘဲ အရေးနိမ့်ခဲ့သဖြင့် အုပ်စုအဆင့်မှထွက်ခဲ့ရခြင်း ဖြစ်သည်။

၂၀၂၆ အာရှဖလား ယူ-၁၇ ပြိုင်ပွဲကို မေ ၅ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု(A)တွင် အိမ်ရှင်ဆော်ဒီအာရေဗျ၊ တာဂျစ်ကစ္စတန်၊ ထိုင်း၊ မြန်မာ၊ အုပ်စု(B)တွင် ဂျပန်၊ အင်ဒိုနီးရှား၊ ကာတာ၊ တရုတ်၊ အုပ်စု(C)တွင် တောင်ကိုရီးယား၊ ယီမင်၊ ဗီယက်နမ်၊ ယူအေအီး၊ အုပ်စု(D)တွင် ဥဇဘက်ကစ္စတန်၊ ဩစတြေးလျ၊ အိန္ဒိယအသင်းတို့ ပါဝင်သည်။ ပြိုင်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးနှစ်သင်းစီ ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်ပြီး ယင်းရှစ်သင်းမှာ ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရမည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် ပထမဆုံး ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရန် အခွင့်အရေးရှိနေသည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF



ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြေစိုက်ပိုစတာစိုက်ထူခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်မြင့် ဦးဆောင်၍ မေ ၂ ရက်နံနက်ပိုင်းက မြို့ပေါ်ဘုန်းတော်တိုး၊ ဘုန်းတော်ပွင့်၊ ဘုန်းတော်တင့်၊ ဘုန်းတော်မြင့်ဘုရားအနီး မီးပွိုင့်လမ်းဆုံ၌ ပြုလုပ်ဆောင်ရွက်စဉ်။

ခင်ခင်မာ(ပြန်/ဆက်)



နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မြို့မရပ်ကွက် သမိုင်းဝင်ရွှေဘုန်းသာစေတီတော်မြတ်ကြီး၌ မေ ၂ ရက်တွင် မင်းလှမြို့နယ် မီးသတ်ဦးစီးဌာနက စုပေါင်းသန့်ရှင်းရေးကုသိုလ်ပြုဆောင်ရွက်စဉ်။

ကိုခန့်



နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကံမမြို့နယ် သမိုင်းဝင်ဆုတောင်းပြည့်စေတီတော်ကြီးအား ရေသပ္ပာယ်ခြင်းကို မေ ၂ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲညွန့် ဦးဆောင်သော သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ရေဂါလန် ၃၂၀၀ အသုံးပြု၍ စေတီတော်အား ရေသပ္ပာယ်ခြင်း၊ ရင်ပြင်တော်ဆေးကြောခြင်းများ ဆောင်ရွက်စဉ်။

ကောင်းစစ်နိုင်



နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ညောင်ပင်ဈေးရပ်ကွက်ရှိ ပြည်တော်ပြန်ဘုရားကြီး၌ မေ ၁ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနက စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်စဉ်။

မိုးဟိန်းထက်



ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် မီးသတ်ဦးစီးဌာနက နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မေ ၁ ရက် ညနေပိုင်းက အမှတ်(၁၀)ရပ်ကွက်ရှိ သမိုင်းဝင်ကျိုက္ကလွန်ပွန်းစေတီတော်မြတ်ကြီး ဘုရားဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မေ ၂ ရက် နံနက်ပိုင်းက အရှေ့ပိုင်းရပ်ကွက် မဟာရာဇာမုနိအောင်တော်မူစေတီတော်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးမင်းအောင် ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ အောင်သူ(ပြန်/ဆက်)

# မကွေးတိုင်းဒေသကြီးအတွင်း ဆိုလာရေတင်စီမံကိန်းသစ်များ ဆောင်ရွက်

မင်းဘူး မေ ၂

မကွေးတိုင်းဒေသကြီးအတွင်း၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အသစ်ထပ်မံဆောင်ရွက်နေသည့် ဆိုလာရေတင်စီမံကိန်းသစ်များ ဆောင်ရွက်နေမှုအခြေအနေများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယမန်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်နှင့် တာဝန်ရှိသူများသည် မကွေးတိုင်းဒေသကြီးအတွင်း၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်မည့် မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်ရှိ လှည်းကြီးရိုးမှ ဆိုလာစနစ်ဖြင့် ဆောင်ရွက်မည့် ကြေးချေ၊ ဆူးပန်း၊ သုံးထောင့် ဆိုလာရေတင်စီမံကိန်းသုံးခု အကျိုးပြုဧကပေါင်း ၆၀၀ နှင့် ဧရာဝတီမြစ်မှ ဆိုလာစနစ်ဖြင့်ရေတင်ပြီး အကျိုးပြုဧကပေါင်း ၄၂၀၀ ကို စိုက်ပျိုးရေပေးဝေမည့် လျှပ်စစ်မြစ်ရေတင်စီမံကိန်း လေးခုဖြစ်သည့် မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်ရှိ ပိုက်သင်ဆိုလာရေတင်၊ အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ်ရှိ လက်ပံ၊ လက်ပံငူ ဆိုလာရေတင်နှင့် မကွေးခရိုင် မကွေးမြို့နယ်ရှိ ပဌနဂိုရ်စသည့် ဆိုလာရေတင်စီမံကိန်း လုပ်ငန်းခွင်များအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ ဒေသတွင်း စိုက်ပျိုးရေရရှိရေး လိုအပ်ချက်တင်ပြမှုများအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



# ဖျာပုံမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များပေးအပ်

ဖျာပုံ မေ ၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဖျာပုံခရိုင်/ မြို့နယ်ဦးစီးမှူးရုံးနှင့် ဖျာပုံခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ဖျာပုံ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန လက်အောက်ရှိ ကျန်းမာရေး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား အစိုးရသစ် ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်နှင့် UID ကတ်များ အခမဲ့ ပြုလုပ်ပေးအပ်ပွဲကို ဧပြီ ၂၉ ရက် နံနက်ပိုင်းက ဖျာပုံပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



အဆိုပါအစိုးရသစ် ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်နှင့် UID ကတ်များ ပေးအပ်ပွဲ ပြုလုပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဖျာပုံခရိုင်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဌေးက အစိုးရသစ် ရက် (၁၀၀)စီမံချက်နှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စိုးစိုးရီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဖျာပုံခရိုင်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး၊ ဖျာပုံမြို့နယ် ပြည်သူ့ဆေးရုံ အုပ်ကြီး ဒေါက်တာရဲဝင်း၊ ဖျာပုံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သူလင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကိုကိုနိုင်တို့က ဖျာပုံမြို့နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာန လက်အောက်ရှိ ကျန်းမာရေး ဝန်းထမ်းများနှင့် မိသားစုဝင်များအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးသန်းထွဋ်ဇော် ဦးစီး၍ မေ ၂ ရက် နံနက် ၉ နာရီက ရေဂါလန် ၃၂၀၀ ပါ မီးသတ်ရေသယ်ယာဉ်ဖြင့် ကျောက်တန်းမြို့ သီတာမြိုင်ရပ်ကွက် ငွေးပင်အုပ်စုရှိ ပြည်သူများအား သောက်သုံးရေ လှူဒါန်းပေးစဉ်။

နိုးတူး(ကျောက်တန်း)



# တောင်ငူမြို့နယ် ကံရိုးကျေးရွာ၌ ကျွဲ၊ နွားများအား ရောဂါကာကွယ်ဆေး ထိုးနှံပေး

တောင်ငူ မေ ၂

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရက်(၁၀၀)စီမံချက်ဖြင့် ကံရိုးကျေးရွာရှိ ကျွဲ၊ နွားမွေးမြူရေးခြံများ၌ ယမန်နေ့နံနက်ပိုင်းက မွေးမြူရေးဆိုင်ရာ အသိပညာပေးဟောပြောပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာနေစိုးက အနီးကပ်ကြီးကြပ်၍ ကျေးရွာအတွင်း မွေးမြူထားသော နို့စားကျွဲ ၈၇ ကောင်အား လည်ချောင်းကွဲရောဂါကာကွယ်ဆေး၊ ဒေသနွားနှင့် နို့စားနွား ၂၅၁ ကောင်အား ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးသည်။

တောင်ငူမြို့နယ်၌ ဧပြီ ၂၀ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ရက် (၁၀၀) စီမံချက်ဖြင့် မြို့နယ်အတွင်းရှိ နွားများအား မေထုန်မဲ့သားစပ်ခြင်း၊ ကျွဲ/နွားလည်ချောင်းကွဲရောဂါ၊ ဒေါင့်သန်းရောဂါ၊ ပေါင်ပုပ်လက်ပုပ်ရောဂါများအတွက် ကြိုတင်ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဇော်ကိုကို (တောင်ငူ)**



# ဆီဆိုင်မြို့နယ်အတွင်းရှိ သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်



**တောင်ကြီး မေ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်းရှိ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မေ ၂ ရက်တွင် သမဝါယမကဏ္ဍမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် သက်တန့်ရောင်စီမံကိန်း၊ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစု အမှုဆောင်များနှင့်တွေ့ဆုံ၍ လုပ်ငန်းများဆောင်ရွက်ရာတွင် သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး၊ လုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြပြီး မိမိတို့ မြို့နယ်အနေဖြင့် ရက် (၁၀၀) အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များ ချမှတ်၍ သမဝါယမကဏ္ဍက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် သက်တန့်ရောင်စီမံကိန်း၊ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်ပြီး တာဝန်ရှိသူများက ဆီဆိုင်မြို့နယ် ပုန်းအင်းကျေးရွာအုပ်စု ဝမ့်ပုံးကျေးရွာရှိ ခေါက်တိုင်ဟွမ်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်ရှိ သမဝါယမအသင်းသားများက နွေစပါး စိုက်ပျိုးထားရှိမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

■

# ၂၀၂၆ ခုနှစ် မိုးရာသီကာလအတွက် ယေဘုယျခန့်မှန်းချက်

**အနောက်တောင်မုတ်သုံလေ ဝင်ရောက်ခြင်း၊ ဆုတ်ခွာခြင်းအခြေအနေ**

အနောက်တောင်မုတ်သုံလေသည် ၂၀၂၆ ခုနှစ် မေ ၃၁ ရက်မှ ဇွန် ၅ ရက် (မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်နေ့မှ ၆ ရက်နေ့)အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်ဖွယ်ရာရှိပြီး ၂၀၂၆ ခုနှစ် အောက်တိုဘာ ဒုတိယရက်သတ္တပတ် (မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် သီတင်းကျွတ်လဆန်းခန့်)တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားဖွယ်ရာရှိသည်။

**မိုးဦးကာလခန့်မှန်းချက်**

မိုးဦးကာလသည် ၂၀၂၆ ခုနှစ် မြန်မာနိုင်ငံအတွင်းသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်သည့်နေ့မှ ဇွန်လကုန်အထိ ဖြစ်သည်။ မိုးဦးကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း လေးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မိုးဦးကာလ မေလနှင့် ဇွန်လတို့တွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်သာမြစ်၊ ဒုဋ္ဌဝတီမြစ်၊ စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်၊ သောင်ရင်းမြစ်၊ ငဝန်မြစ်၊ တိုးမြစ်နှင့် ဘီးလင်းမြစ်တို့တစ်လျှောက်ရှိမြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိပါ။

**မိုးလယ်ကာလခန့်မှန်းချက်**

မိုးလယ်ကာလသည် ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁ ရက်မှ ဩဂုတ်လကုန်အထိ ဖြစ်သည်။ မိုးလယ်ကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း လေးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားကောင်းနိုင်သည်။ မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မိုးလယ်ကာလ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ကြိမ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် တစ်ကြိမ်ခန့်နှင့် မဒေါက်မြို့တွင် နှစ်ကြိမ်ခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

**မိုးနှောင်းကာလခန့်မှန်းချက်**

မိုးနှောင်းကာလသည် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားသည့်နေ့အထိ ဖြစ်သည်။ မိုးနှောင်းကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း လေးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်ရှိနိုင်သည်။ မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မိုးနှောင်းကာလ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် တစ်ကြိမ်ခန့်စီနှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

## ၂၀၂၆ ခုနှစ် မိုးဦးကာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**၂၀၂၆ ခုနှစ် မိုးဦးကာလသတ်မှတ်ခြင်း**

၂၀၂၆ ခုနှစ် မိုးဦးကာလသည် မြန်မာနိုင်ငံအတွင်းသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်သည့်နေ့မှ ၂၀၂၆ ခုနှစ် ဇွန်လကုန်အထိ ဖြစ်သည်။

**၂၀၂၆ ခုနှစ် မုတ်သုံလေဝင်ရောက်နိုင်မှုအခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအရပ်ရပ်သို့ အောက်ပါအတိုင်း ဝင်ရောက်ဖွယ်ရာရှိသည်-

(က) မေလ ၁၃ ရက်မှ ၁၈ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၊

(ခ) မေလ ၁၉ ရက်မှ ၂၄ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများ၊

(ဂ) မေလ ၂၅ ရက်မှ ၃၀ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့်

(ဃ) မေလ ၃၁ ရက်မှ ဇွန်လ ၅ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၊

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း လေးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေ**

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

မိုးဦးကာလ မေလနှင့် ဇွန်လတို့တွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်သာမြစ်၊ ဒုဋ္ဌဝတီမြစ်၊ စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်၊ သောင်ရင်းမြစ်၊ ငဝန်မြစ်၊ တိုးမြစ်နှင့် ဘီးလင်းမြစ်တို့တစ်လျှောက်ရှိမြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိပါ။ **မိုး/ဇလ**

# မေလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မေ ၁၃ ရက်မှ ၁၈ ရက်အတွင်း မြန်မာနိုင်ငံ တောင်ပိုင်းဒေသများသို့လည်းကောင်း၊ မေ ၁၉ ရက်မှ ၂၄ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့လည်းကောင်း၊ မေ ၂၅ ရက်မှ ၃၀ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့လည်းကောင်း၊ မေ ၃၁ ရက်မှ ဇွန် ၅ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့ လည်းကောင်း အသီးသီးဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၇ ရက်မှ ၂၂ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၁ ရက်မှ ၁၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မေလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့် အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မေလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၆ ခုနှစ် မေလအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၇ ပေမှ ၁၂ ပေခန့်နှင့် ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၄ ပေမှ ၇ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၅ ပေမှ ၁၀ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ခုနစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် တစ်ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် လေးပေမှ ငါးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် နှစ်ပေ မှ သုံးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေမှ ငါးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ငါးပေခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် နှစ်ပေခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် သုံးပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။ **မိုး/ဇလ**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် မေ ၂**

မေ ၂ ရက်နေ့၊ မြန်မာစံတော်ချိန် ၁၂ နာရီ၊ ၀၃ မိနစ်၊ ၂၈ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်ဘက် ၃၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မအူပင်မြို့၏ မြောက်ဘက် ၁၂ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၆ ဒသမ ၉၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၆၂ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၅ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်အသိပညာပေး ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို မေ ၂ ရက် နံနက်ပိုင်းက ဆောင်ရွက်စဉ်။

ဘာမီသာ(ပခုက္ကူ)



နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် အိမ်မဲမြို့နယ်ချောင်းဝရပ်ကွက်ရှိ သမိုင်းဝင်ရှင်ပင်ချမ်းသာကြီးဘုရား၌ မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးဝေယံစိုးနှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီဝင်များက မေ ၂ ရက် နံနက်ပိုင်းတွင် ပြည်သူ့အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်စဉ်။

ချစ်သက်လယ်(ပြန်/ဆက်)



နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ထွန်းအောင် ဦးဆောင်၍ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးဘေးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မေ ၂ ရက် နံနက်ပိုင်းက အမှတ်(၃၀)ရပ်ကွက် ဘုရင့်နောင်လမ်းရှိ ဒဂုံရွှေပြည်ဈေး၌ ဆောင်ရွက်စဉ်။

မြင့်မြင့်ရီ



ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်လေးမြမြဦး ဦးဆောင်ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက မေ ၂ ရက်တွင် လမ်းနယ်အတွင်း အန္တရာယ်ရှိသစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းစဉ်။

ဝင်းကြိုင်(ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မေ ၂ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ ပြည်သူ့ဆေးရုံနှင့် အမှတ်(၄) တပ်မတော် စစ်မြေပြင်ဆေးတပ်ရင်းတို့၌ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ သွေးလှူဒါန်းလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တာဝန်ရှိသူများက ကြက်ဥ၊ အချိုရည်နှင့် ဖြည့်စွက်အာဟာရများကို သွေးအလှူရှင်များအား လှူဒါန်းစဉ်။

မင်းထက်သာ





## ပုသိမ်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်

ပုသိမ် မေ ၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ပြည်သူ့အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးခြင်းနှင့် Unique ID ကတ် နံပါတ်မရှိသူများအား ရိုက်ကူးထုတ်ပေးခြင်းကို ဧပြီ ၂၉ ရက်တွင် အမှတ်(၄)ရပ်ကွက် မရမ်းကျောင်းဓမ္မာရုံ၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပုသိမ်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်/ကျေးစာရေး၊ ကျန်းမာရေးဦးစီးဌာန ပူးပေါင်းအဖွဲ့တို့က ဆောင်ရွက်ခြင်းဖြစ်ပြီး ပုသိမ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် ကော်မတီအဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မေချို

## ဘီးလင်းမြို့နယ်၌ အခြေခံမွေးမြူရေး ပညာပေးသင်တန်းဖွင့်လှစ်

ဘီးလင်း မေ ၂

မွန်ပြည်နယ် ဘီးလင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ရက် (၁၀၀)စီမံချက်ဖြင့် ဖွင့်လှစ်သော အခြေခံမွေးမြူရေးပညာပေးသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးအောင်က အမှာစကားပြောကြားပြီး ကျိုက်ထိုခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဖြိုးဝင့်ကိုက သင်တန်းဖွင့်လှစ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဘီးလင်းမြို့နယ်အတွင်းရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသော သင်တန်းသား သင်တန်းသူ ၁၁ ဦး တက်ရောက်ကြပြီး သင်တန်းနည်းပြ ဆရာမနှစ်ဦးတို့က တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ သိကောင်းစရာများကို နှစ်ရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## သထုံမြို့နယ်၌ သစ်တောထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော



သထုံ မေ ၂

မွန်ပြည်နယ် သထုံမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ သစ်တောများ ထိန်းသိမ်းရေး၊ နွေရာသီကာလအတွင်း တောမီးနှင့်အခြားမီးများကြောင့် မီးလောင်မှု အရေအတွက်များပြားနေခြင်းကို လျှော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဧပြီ ၃၀ ရက် နံနက်ပိုင်းက သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်ရှိ ရေတွင်းဖြူကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ဖြန့်ဝေ

ဟောပြောပွဲတွင် သထုံမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးကျော်စိုးဟန်က သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မူဆယ်မြို့၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

မူဆယ် မေ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခြင်းကို ယနေ့တွင် မူဆယ်မြို့နယ် မန့်မိုင်ကျေးရွာ၌ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မူဆယ်မြို့နယ်ဦးစီးမှူးရုံးမှ ကြီးမှူး၍ မူဆယ်မြို့နယ်အတွင်း နေထိုင်သည့်ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ရရှိစေရေး ဆောင်ရွက်ပေးသည်။

ထို့နောက် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သိန်းအောင်နှင့် ဦးကျော်စွာဝင်း(ခ) Mအောင်ဂျာ၊ မူဆယ်ခရိုင် စီမံခန့်ခွဲ



ရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းဇော်ဦးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုပြီး ပြည်သူများလက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အားကစားသမားများ စခန်းဝင်လေ့ကျင့်လျက်ရှိ

ရန်ကုန် မေ ၂

အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဝင်းအတွင်းရှိ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်သို့ ရောက်ရှိပြီး မေ ၁၄ ရက်မှ ၁၈ ရက်အထိ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်နေကြသည့် မြန်မာ့လက်ရွေးစင်အားကစားသမားများ၏အားကစားနည်းအမျိုးအစား ၂၂ မျိုးတို့မှ ကိုယ်ဟန်အနေအထား၊ သရုပ်ပြသမှုအနေအထားနှင့် ဝိတ်အလေးချိန်တို့ကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးသည် အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ လေ့ကျင့်မှု လိုအပ်ချက်များ၊ ဝိတ်တန်းချိန်ညှိခြင်း ဆောင်ရွက်ရန်ကိစ္စရပ်များ၊ နေထိုင်စားသောက်မှုဆိုင်ရာကိစ္စရပ်များ၊ လေ့ကျင့်မှုနည်းစနစ်တို့ကို နည်းပြများနှင့် အားကစားသမားများကိုမှာကြားပြီး မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ် လက်ခံကျင်းပသည့် နိုင်ငံတကာ အားကစားပြိုင်ပွဲကြီးဖြစ်သည့်အတွက် ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ပြိုင်ပွဲ၌ နိုင်ငံတော်အတွက် ရွှေတံဆိပ်ဆုများ ဆွတ်ခူးရယူပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ယခင်ကထက် ပိုမိုကြိုးစားဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်အောင်ကြိုးစားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌတို့က အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် လက်ရွေးစင်အားကစားသမားများကို ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးကိစ္စရပ်များ၊ စည်းကမ်းပိုင်းဆိုင်ရာကိစ္စရပ်များ၊ ဆုတံဆိပ်ဆွတ်ခူးရရှိနိုင်ရေးကိစ္စရပ်များ၊ အောင်နိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ လိုအပ်ချက်များကိုမှာကြားပြီး ဒုတိယဝန်ကြီးက အားကစားသမားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိုင်ငံတော်အတွက် ရွှေတံဆိပ်ဆု အများဆုံးဆွတ်ခူးလျက် တံခွန်စိုက်ဆုဖလားရရှိအောင် ကြိုးစားသွားကြရန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တန်းတက် ရန်ကုန်စီးတီးအသင်းကို ဂျပန်နိုင်ငံသားနည်းပြ ဟီရိုအိုနို ကိုင်တွယ်မည်

ရန်ကုန် မေ ၂

လာမည့်ရာသီတွင် MNL ပြိုင်ပွဲသို့ တန်းတက်ခွင့်ရထားသည့် ရန်ကုန်စီးတီးအသင်းသည် ဂျပန်နိုင်ငံသား နည်းပြ ဟီရိုအိုနိုကို နည်းပြချုပ်အဖြစ် ပြောင်းလဲတာဝန်ပေးထားသည်။

ရန်ကုန်စီးတီးအသင်းသည် MNL သို့ တန်းတက်ခွင့်ရပြီးနောက် ပြင်ဆင်မှုကြီးကြီးမားမားပြုလုပ်နေပြီး ပြီးခဲ့သည့်ရာသီဝက်တွင် နည်းစနစ်ဒါရိုက်တာအဖြစ် တာဝန်ယူခဲ့သည့် ဂျပန်နိုင်ငံသား ဟီရိုအိုနိုကို နည်းပြချုပ်အဖြစ် ပြောင်းလဲတာဝန်ပေးခဲ့ခြင်းဖြစ်သည်။ ဟီရိုအိုနိုသည် မြန်မာနေရှင်နယ်လိဂ် ထိပ်သီးကလပ် ရှမ်းယူနိုက်တက်အသင်းကို ကိုင်တွယ်ခဲ့သူဖြစ်ပြီး ချန်ပီယံဆု ရယူပေးခဲ့သူဖြစ်သည်။

ရန်ကုန်စီးတီးအသင်းသည် လက်ရွေးစင်အဆင့် ပြည်တွင်းကစားသမားများ၊ နိုင်ငံခြားသားကစားသမားများ ခေါ်ယူအားဖြည့်မည်ဖြစ်ပြီး မကြာမီ တရားဝင်ကြေညာမည်ဖြစ်သည်။ ရန်ကုန်စီးတီးအသင်းသည် MNL-2 တွင် ယှဉ်ပြိုင်ကတည်းက နာမည်ကြီးကစားသမားများကို ခေါ်ယူအသုံးပြုခဲ့သည့်အသင်းဖြစ်သည်။

ရန်ကုန်စီးတီးအသင်းသည် ပြီးခဲ့သည့်ရာသီ MNL-2 တွင် တတိယနေရာသာရခဲ့သော်လည်း MNL ကလပ် Dagon Port အသင်း ဖျက်သိမ်းခဲ့သဖြင့် ယင်းအသင်းနေရာတွင် အစားထိုးတန်းတက်ခွင့်ရခဲ့ခြင်းဖြစ်သည်။

**သတင်း - မောင်စံကြီး၊ ဓာတ်ပုံ - YCFC**

# Pyin Oo Lwin Junior Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၂

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် Junior Golf Myanmar(JGM)က ကြီးမှူး၍ CBBankကအဓိကကူညီပံ့ပိုးသော Pyin Oo Lwin Junior Open Championship(Road to Myanmar Junior National Team)မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၂ ရက်က ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်ဂေါက်ကွင်း၌ ပြုလုပ်ရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်၊ အထက်မြန်မာပြည် ဂေါက်သီးအားကစားအဖွဲ့ချုပ်ဆပ်ကော်မတီ၊ Junior Golf Myanmar(JGM)မှ တာဝန်ရှိသူများ၊ ပြင်ဦးလွင်ဂေါက်ကွင်းမှ နာယကများ၊ ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။



မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် Junior Golf Myanmar ဥက္ကဋ္ဌ ဦးအောင်ကိုဇော် အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။

ဖွင့်ပွဲတွင် ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်း နာယက ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်ချုပ်ထွဋ်ခေါင်နှင့် ဦးမြင့်မော်၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်ဦး၊ မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေ အတွင်းရေးမှူးနှင့် Junior Golf Myanmar ဥက္ကဋ္ဌ ဦးအောင်ကိုဇော်၊ မြန်မာနိုင်ငံဂေါက်သီးအားကစား အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်နှင့် Junior Golf Myanmar ဒုတိယဥက္ကဋ္ဌ ဦးစိုးနှင့် ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဦးပါစီတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်း စတင်ယှဉ်ပြိုင်ကြသည်။

ယခုပြိုင်ပွဲတွင် အမျိုးသား အသက်(၁၈)နှစ်အောက် ကစားသမား ၃၃ ဦး၊ အသက်(၁၄)နှစ်အောက် ကစားသမား ၁၃ ဦး၊ အသက်(၁၂)နှစ်အောက် ကစားသမား ၂၁ ဦးနှင့် အမျိုးသမီး(၁၈)နှစ်အောက် ကစားသမား ၁၀ ဦး စုစုပေါင်း ၇၇ ဦး ဝင်ရောက်ယှဉ်ပြိုင်သည်။ ပြိုင်ပွဲကို မျိုးဆက်သစ် ဂေါက်သီး အားကစားသမားများ လက်ရည်အဆင့်အတန်း တိုးတက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲကိုမေ ၄ ရက်အထိသုံးရက်ကြာ ပြုလုပ်သွားမည်ဖြစ်ပြီး ယခုပြိုင်ပွဲကို ဦးစိုး(ရွှေဝါတောင်ကုမ္ပဏီလီမိတက်)က Co Sponsor အဖြစ် ပံ့ပိုးကူညီပေးကြောင်း သိရသည်။

**သတင်း - ချစ်ကိုကို**
**ဓာတ်ပုံ - MGF**

# မြန်မာနေရှင်နယ်လိဂ်ကလပ် ဒဂုံစတားယူနိုက်တက်အသင်း နည်းပြချုပ်သစ် ခန့်အပ်

ရန်ကုန် မေ ၂

မြန်မာနေရှင်နယ်လိဂ်ကလပ် ဒဂုံစတားယူနိုက်တက်အသင်းသည် လာမည့်ရာသီအတွက် နည်းပြသစ် ခန့်အပ်လိုက်ပြီဖြစ်သည်။

ဒဂုံစတားယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီတွင် နည်းပြချုပ်အဖြစ် တာဝန်ယူခဲ့သည့် ပေါ်တူဂီနိုင်ငံသား ရူအီနှင့်လမ်းခွဲပြီးနောက် ပြည်တွင်းနည်းပြတစ်ဦး ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ဦးချစ်နိုင်သည် ရောဝတီယူနိုက်တက်အသင်းနှင့် လမ်းခွဲအပြီး ရက်ပိုင်းအကြာမှာပင် ဒဂုံစတားယူနိုက်တက်အသင်း၏ နည်းပြချုပ်သစ်ဖြစ်လာသည်။ ဦးချစ်နိုင်သည် အတွေ့အကြုံရှိသည့်နည်းပြတစ်ဦးဖြစ်သလို ကစားသမားများအား ပြုစုပျိုးထောင်ရာတွင် နာမည်ရထားသူဖြစ်သည်။




ဒဂုံစတားယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီက အသုံးပြုခဲ့သည့် ကစားသမားများနှင့် လမ်းခွဲထားပြီး ကစားသမားသစ်များ ခေါ်ယူထားကာ မကြာမီထုတ်ပြန်ဖွယ်ရှိနေသည်။

**သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - DSUFC**

**✻ ဘန်လေမှ**

လိဒ်စ်ယူနိုက်တက် အသင်းဟာ ဘန်လေအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၃၅) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၄၃ မှတ် စုဆောင်းနိုင်ခဲ့ကာ လာမယ့်ဘောလုံးရာသီမှာ ပရီမီယာလိဂ်၌ ဆက်လက်ရှင်သန်ခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။ ဘန်လေအသင်းကတော့ လိဒ်စ်ယူနိုက်တက်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့်(၁၉) နေရာမှာရပ်တည်ခဲ့ပြီး တန်းဆင်းရဖို့ သေချာသွားခဲ့ပြီ ဖြစ်ပါတယ်။

အခြားပွဲစဉ်များတွင် ဘရန်းဖို့ဒ်အသင်းက ဝက်စ်ဟမ်းအသင်းကို သုံးဂိုး-ဂိုးမရှိ၊ နယူးကာဆယ်အသင်းက ဘရိုက်တန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဝုဗ်ဗာဟန်တန်အသင်းနှင့် ဆန်းဒါးလန်းအသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်**

# ၂၀၂၆ ခုနှစ် ဧပြီလအတွင်း (၁၆-၄-၂၀၂၆ ရက်နေ့မှ ၃၀-၄-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၄ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | မိတ္ထီလာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၂ | စစ်ကိုင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | – | – | ကောင်းမွန် | | | – |
| | ၂ | ကော့သောင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | – | ကောင်းမွန် | | |
| | ၂ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | – | – | ကောင်းမွန် | | | |
| | ၂ | ဖျာပုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၀ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၁ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | သထုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ချောင်းဆုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၂ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | ခံနိုင်နည်းပါးသောသူများအတွက်သော | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၂ | ကျိုင်းတုံမြို့ | ကျန်းမာရေးကို ထိခိုက်စေနိုင်သော | – | – | – | – | – |
| | ၃ | တာချီလိတ်မြို့ | ကျန်းမာရေးကို ထိခိုက်စေနိုင်သော | – | – | – | – | – |
| | ၄ | မိုင်းဆတ်မြို့ | – | လက်ခံနိုင်သော | – | ကောင်းမွန် | – | ကောင်းမွန် |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထု အရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

## မိုးကုတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မိုးကုတ် ဧပြီ ၂

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်း၍ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး အမှိုက်များရှင်းလင်းခြင်း၊ သန့်ရှင်းရေးများဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်နေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးကျော်စွာဝင်းခိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေး



ကြပြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေသူများအား ကောက်ညှင်းပေါင်းဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လမ်းသမိုင်ရွာကြီးကျေးရွာ၌ သက်တန့်ရောင်စီမံကိန်းဖြင့် မိုးစပါးဧက ၅၀ စိုက်ပျိုးမည်

ဝါးခယ်မ မေ ၂

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် လမ်းသမိုင်ရွာကြီးကျေးရွာ ရွှေဝါဖူးစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ တောင်သူများက လူမှုစီးပွားမြှင့်တင်ရေး သက်တန့်ရောင်စီမံကိန်းဖြင့် မိုးစပါးဧက ၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးမည့် တောင်သူများအား ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စိုးမင်းက ယမန်နေ့တွင် တွေ့ဆုံပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ တောင်သူ ၂၀ ၏ စိုက်ပျိုးဧက ၅၀ အတွက် တစ်ဧကလျှင် သုည ဒသမ ၂၈၈ သန်းနှုန်းဖြင့် ၁၄ ဒသမ ၄ သန်းတန်ဖိုးရှိ စပါးမျိုးနှင့် သွင်းအားစုများကို မိုးစပါးစိုက်ပျိုးရန် သမဝါယမဦးစီးဌာနက အချိန်မီ ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လွှမ်းသီဟ (ဝါးခယ်မ)



## တန့်ယန်းမြို့နယ်၌ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

တန့်ယန်း မေ ၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ရက် (၁၀၀) စီမံချက်ဖြင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အသိပညာပေးခြင်း၊ တိရစ္ဆာန်များ ကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က တိရစ္ဆာန်အစာနှင့် ဆေးအရောင်းဆိုင်များကို ကြည့်ရှု၍ အသိပညာပေးခြင်းနှင့် မွေးမြူရေးခြံသို့ ကွင်းဆင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ရာတွင် တိရစ္ဆာန်အစာနှင့် ဆေးအရောင်းဆိုင်များအား သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့်အတူ ကွင်းဆင်း၍ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာပြည့်ဖြိုးအောင်နှင့် တာဝန်ရှိသူများက မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အသိပညာပေး ရှင်းလင်းပြောကြားကာ နောင်ပစ်ကျေးရွာရှိ နို့စားနွားမွေးမြူရေးခြံသို့ ကွင်းဆင်းပြီး နို့စားနွားများအား ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကာကွယ်ဆေးထိုးနှံခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းလွင်ဦး(တန့်ယန်း)

## သာစည်မြို့နယ်၌ ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

သာစည် မေ ၂

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီအတွင်းရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်က ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက် မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လယ်ယာကဏ္ဍ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များကိုလည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကိုလည်းကောင်း သက်ဆိုင်ရာဌာနများသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



☆ ကျောဖုံးမှ

ယခုပြီးခဲ့သည့် သင်္ကြန်လေးရက်တွင် ပုဂံသို့ ပြည်တွင်း၊ ပြည်ပခရီးသွား ၉၀၀၀ ကျော်ဝင်ခဲ့ပြီး ပြီးခဲ့သည့်နှစ် သင်္ကြန်ပွဲတော်လေးရက်၌ ခရီးသွား ၁၄၀၀၀ ကျော် ဝင်ရောက်ခဲ့ရာ ရာသီဥတုပူပြင်းမှုနှင့် သွားလာရေး ဆီအခက်အခဲတို့ကြောင့် ခရီးသွား ၅၀၀၀ ခန့် လျော့နည်းသွားခဲ့သော်လည်း နှစ်ဆန်းပိုင်းလေးလပေါင်း ခရီးသွားဝင်ရောက်မှုမှာ ယမန်နှစ်လေးလထက် လျော့နည်းမှုမရှိခဲ့ကြောင်း သိရသည်။

ယမန်နှစ်က ပုဂံဒေသသို့ ဧပြီလအထိ ပြည်တွင်း၊ ပြည်ပခရီးသွား ၅၃၀၀၀၀ ကျော် ဝင်ရောက်ခဲ့ပြီး ယခုနှစ်တွင် ဧပြီ ၂၅ ရက်အထိ ခရီးသွား ၅၁၀၀၀၀ ကျော် ဝင်ရောက်ထားရာ ဧပြီလကုန်ပိုင်း ကဆုန်လပြည့် ခရီးသွားဝင်ရောက်မှုဖြင့် ယမန်နှစ်ကထက် ခရီးသွားပိုမိုဝင်ရောက်မည်ဟု ခန့်မှန်းထားသည်။ ပုဂံယဉ်ကျေးမှုနယ်မြေသို့ ၂၀၂၅ ခုနှစ်တွင် ပြည်တွင်း၊ ပြည်ပ ခရီးသွား ၂၂ သိန်းကျော်ဝင်ရောက်ခဲ့ပြီး ၂၀၂၆ ခုနှစ်တွင် ပြည်တွင်း၊ ပြည်ပခရီးသွား ၂၃ သိန်းကျော် ဝင်ရောက်လည်ပတ်နိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ဥဿ၊ ဓာတ်ပုံ - ကိုလွင်



## ကျိုက်မရောမြို့နယ် ကော့ကလော့ကျေးရွာ၌ နွေစပါးများ ရိတ်သိမ်းနေမှု ကွင်းဆင်းကြည့်ရှု

ကျိုက်မရော မေ ၂

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကော့ကလော့ကျေးရွာရှိ အလင်းရောင်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက် အသင်းသားတောင်သူများ စိုက်ပျိုးထားသည့် နွေစပါးများရိတ်သိမ်းနေမှုကို ဧပြီ ၂၈ ရက် နံနက်ပိုင်းက ကျိုက်မရောမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကေသီခိုင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြသည်။

အဆိုပါ သမဝါယမအသင်း၏ အသင်းသားတောင်သူများက နွေစပါးအဖြစ် ထိုင်းနံ့ကောက်မျိုးများစိုက်ပျိုးထားရှိပြီး တစ်ဧကလျှင် အထွက်နှုန်း ၁၁၇ တင်းထွက်ရှိကြောင်းနှင့် လာမည့်မိုးစပါးသီးနှံကိုလည်း ရက် (၁၀၀) စီမံချက်အနေဖြင့် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)

**(၆-၁၁-၂၀၁၉)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၂)ပါ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာချက်အား ပြန်လည်ရုပ်သိမ်းခြင်း**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်(ခ)ဟာဂျီယာစင် [၁၂/တမန(နိုင်)၁၃၃၂၈၁]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်(ခ)ဟာဂျီယာစင် [၁၂/တမန(နိုင်)၁၃၃၂၈၁]မှ သမီးဖြစ်သူ မသန္တာအောင်(ခ)ယာစမင်းအား သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာချက်အပေါ် ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ**
**ဦးမောင်မောင်(ခ)ဟာဂျီယာစင်**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဝေလွင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၃၀၅)**
**အမှတ်(၁၀၈၃/ခ)၊ အနော်ရထာ(၄)လမ်း၊**
**ဗညားဒလရပ်ကွက်၊ ဒလမြို့။**
**Ph:09-420146217**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၂၂၀-က)၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၄)ခန်းတွဲ (၈)ထပ်တိုက်၊ ဓာတ်လှေကားပါ အဆင့်မြင့်အဆောက်အဦ၊ အဝိုင်းလေးကွန်ဒိုရှိ ဆဋ္ဌမထပ်၊ ခြေရင်းဘက်ခြမ်း၊ (ဝဲဘက်ခြမ်း)၊ (၇-လွှာ)၊ အခန်းအမှတ် (ဘီ-၇)၊ (အလျား၃၅ပေxအနံ၃၈ပေ)အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ကတိပြုသူ ဒေါ်မူမူ [၁၂/ဒဂတ(နိုင်) ၀၁၆၀၁၂] ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမောင်မောင်သူရ (မြောင်းမြ)**
**LL. B, A.G.T.I (EP), D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)**
**အမှတ်-၁၄၇၊ ဒုတိယထပ်၊ လမ်း-၅၀ (အထက်)၊ ၁၀-ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၁၈၄၀၄၂ ၊ ၀၉-၇၉၅၁၈၄၀၄၂**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၂

| | | | | |
|---|---|---|---|---|
| ကျော့သောင်း | ၃၉ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်လေးပင် | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြဝတီ | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| သာယာဝတီ | ၃၉ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ပဲခူး | ၃၈ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |

# ပုဂံယဉ်ကျေးမှုနယ်မြေသို့ နှစ်ဆန်းပိုင်းလေးလတွင် ယမန်နှစ် ခရီးသွားဦးရေထက် ပိုမိုဝင်ရောက်နိုင်

ရန်ကုန် မေ ၂

မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တို့ စုဝေးတည်ရှိရာ ပုဂံယဉ်ကျေးမှုဒေသသို့ ယခုနှစ်ဆန်းပိုင်းလေးလတွင် ယမန်နှစ်ခရီးသွားဦးရေထက် ပိုမိုဝင်ရောက်မည်ဟု ခန့်မှန်းထားကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲမှ သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသို့ နိုင်ငံတကာနှစ်သစ်ကူးနှင့် မြန်မာ့နှစ်သစ်ကူးတို့တွင် ပြည်တွင်း၊ ပြည်ပခရီးသွားများ မပြတ်ဝင်ရောက်ခဲ့ပြီး အထူးသဖြင့် အထင်ကရ ဘုရား၊ စေတီ ၁၈ နေရာနှင့် ရှေးဟောင်းလက်ရာ နံရံဆေးပန်းချီများ ရေးဆွဲထားရာ စေတီ၊ ပုထိုးများ၌ ခရီးသွားများဖြင့် စည်ကားခဲ့ကာ ယမန်နှစ်၏ နှစ်ဆန်းပိုင်းလေးလထက် ယခုနှစ်တွင် ခရီးသွားပိုမိုဝင်ရောက်မည်ဟု ခန့်မှန်းထားခြင်းဖြစ်သည်။

"မနှစ်က နှစ်ဆန်းပိုင်းလေးလမှာ ပြည်တွင်း၊ ပြည်ပ ခရီးသွားဝင်ရောက်မှုဟာ ဒီနှစ်လေးလကုန်ပိုင်းအထိ ခရီးသွားဝင်ရောက်မှုနဲ့ သိပ်မကွာတာကို တွေ့ရပါတယ်။ မတ်လကုန်ပိုင်းနဲ့ ဧပြီလမှာ ရာသီဥတုအပူရှိန်၊ ဆီအခက်အခဲမရှိခဲ့ဘူးဆိုရင် မနှစ်ကထက် ခရီးသွား သိသိသာသာစည်ကားမယ့်အနေအထားပါ။ တစ်နှစ်ထက်တစ်နှစ် ခရီးသွားများလေ ဌာနအနေနဲ့ ဝမ်းသာရလေပါပဲ။ ယခုလကုန်ပိုင်း ကဆုန်လပြည့်နေ့ကလည်း ခရီးသွားဝင်ရောက်မှုများတဲ့အတွက် ပြီးခဲ့တဲ့လေးလထက် ပုဂံကိုခရီးသွားပိုပြီးဝင်လာမယ်လို့ ပြောလို့ရပါတယ်။ တစ်နှစ်ထက်တစ်နှစ် ပုဂံဒေသကို ခရီးသွားတိုးမြှင့်ဝင်ရောက်လာမှုကို တွေ့မြင်ရတာဟာ ဝမ်းသာပီတိဖြစ်စရာပါ။ ကဆုန်လပြည့်နေ့အပါအဝင် ပိတ်ရက်လေးရက်ရှိတဲ့အတွက် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခရီးသွားများ လာရောက်လည်ပတ်ဖို့လည်း ဖိတ်ခေါ်ပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမြင့်က ပြောသည်။

စာမျက်နှာ ၂၃ ကော်လံ ၃ သို့ ☆



# အာရှဖလား ယူ-၁၇ ပြိုင်ပွဲကျင်းပမည့် ဆော်ဒီအာရေဗျနိုင်ငံသို့ မြန်မာ ယူ-၁၇ အသင်း ရောက်ရှိ



ရန်ကုန် မေ ၂

မြန်မာ ယူ-၁၇ အမျိုးသားလူငယ်လက်ရွေးစင်အသင်းသည် ၂၀၂၄ အာရှဖလား ယူ-၁၇ ပြိုင်ပွဲကျင်းပမည့် ဆော်ဒီအာရေဗျနိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ပြီး အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၁၇ အသင်းသည် ကစားသမား ၂၃ ဦး ခေါ်ဆောင်သွားပြီး ၂၀၂၄ အာဆီယံ ယူ-၁၇ ချန်ပီယံရှစ်ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် ကစားသမားများကိုအခြေခံကာ အပြောင်းအလဲအနည်းငယ်သာပြုလုပ်ခဲ့သည်။ မြန်မာ ယူ-၁၇ အသင်းသည် အာရှဖလား ယူ-၁၇ ပြိုင်ပွဲ နောက်ဆုံးအဆင့်အတွက် ပြီးခဲ့သည့်နှစ်ကုန်ပိုင်းတွင် စတင်လေ့ကျင့်ခဲ့ပြီး မတ် ၃ ရက်၊ ၅ ရက်တို့တွင် အိန္ဒိယ ယူ-၁၇ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားရာ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ နောက်ဆုံးပြင်ဆင်မှုအဖြစ် ဧပြီ ၁၂ ရက်မှ ၂၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပသည့် ၂၀၂၄ အာဆီယံ ယူ-၁၇ ချန်ပီယံရှစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရာ အုပ်စုပထမပွဲတွင် လာအိုနှင့် သရေကျပြီး ဒုတိယပွဲတွင်

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❖

# ဘန်လေကို အနိုင်ရပြီး လိဒ်စ်ယူနိုက်တက်အသင်း ပရီမီယာလိဂ်ပြိုင်ပွဲ၌ ဆက်လက်ရှင်သန်ခွင့်ရရှိခဲ့

လိဒ်စ်ယူနိုက်တက်အသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် (၃၅)အဖြစ် မေ ၁ ရက် ညပိုင်းက ဘန်လေအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘန်လေအသင်းကို အနိုင်ရပြီး ပရီမီယာလိဂ်ပြိုင်ပွဲ၌ ဆက်လက်ရှင်သန်ခွင့်ရရှိခဲ့ပြီး တန်းဆင်းရမယ့် အခြေအနေနဲ့ လွဲချော်ခဲ့ပြီဖြစ်ပါတယ်။

လိဒ်စ်ယူနိုက်တက်အသင်းနဲ့ ဘန်လေအသင်းတို့ပွဲစဉ်မှာ လိဒ်စ်ယူနိုက်တက်အသင်းက ဘန်လေအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး လိဒ်စ်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးတွေကို စတက်ချ်၊ အိုကာခဖာ်နဲ့ လီဝင်တို့က တစ်ဂိုးစီသွင်းယူပေးခဲ့ကာ ဘန်လေအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ဒုတိယပိုင်းပွဲကစားချိန် ၇၁ မိနစ်မှာ ချာယောင်နာက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ✳



လိဒ်စ်ယူနိုက်တက်အသင်းနှင့် ဘန်လေအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ယနေ့ ဖတ်စရာ

သီရိလင်္ကာနိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ခံစားရသူ ၂၅၀၈၂ ဦးရှိ

စာမျက်နှာ » ၁၃

အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အားကစားသမားများ စခန်းဝင်လေ့ကျင့်လျက်ရှိ

စာမျက်နှာ » ၂၁